The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ တနင်္လာနေ့ (13-5-2013) (၇၄၇၉)

ပြည်သူများလိုလားသည့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်၊ စာပေ စာနယ်ဇင်းဆိုင်ရာ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်၊ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ လူ့အခွင့်အရေး စသည့် ဒီမိုကရေစီဖော်ဆောင်ရေးတွင် အခြေခံကျသော အချက်များကိုလည်း ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးခဲ့ပြီး လိုအပ်သည့် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ခေတ်နှင့် မလျော်ညီသော ဥပဒေများကို ရုပ်သိမ်းခြင်း၊ လိုအပ်ချက်အလိုက် ပြင်ဆင်ချက်ဖြင့် ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်ခဲ့။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒီမိုကရေစီဖော်ဆောင်ရန်မှာ တည်ငြိမ်အေးချမ်းမှုသည် အဓိကအရေးကြီး မတူသည်များ ဘေးဖယ်ထားပြီး တူသည်များကို ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ခဲ့

နေပြည်တော် မေ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဒေါက်တာမြအေး၊ ဒေါက်တာဖေသက်ခင်နှင့် ဦးဝင်းရှိန်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရသစ်သည် စတင်တာဝန်ယူချိန်မှစပြီး ပြည်သူများ၏ လိုအင်ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့ကို အဓိကဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒီမိုကရေစီဖော်ဆောင်ရန်မှာ တည်ငြိမ်အေးချမ်းမှုသည် အဓိကအရေးကြီးသည်ဟု နားလည်ခံယူထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသည် အခြေခံကျခြင်းကြောင့် မတူသည်များ ဘေးဖယ်ထားပြီး တူသည်များကို ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ အယူအဆမတူညီကြသောနိုင်ငံအတွင်းမှ ပါတီ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သကဲ့သို့ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ ရောက်ရှိနေကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုလည်း ဥပဒေနှင့်အညီ ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်းမှ နိုင်ငံရေးပါတီအဖွဲ့အစည်းများအနေဖြင့် ပါတီနိုင်ငံရေးတွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်း အနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)



## မဟာစင် မုန်တိုင်းဒဏ်လွတ်ကင်းရေး ရေယာဉ်၊ သင်္ဘောများရှောင်ရှား

နေပြည်တော် မေ ၁၂

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မဟာစင် (MAHASEN)သည် မြန်မာနိုင်ငံ (ကိုကိုးကျွန်း)၏ အနောက်တောင်ဘက် မိုင် ၄၇၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၆၂၀ ခန့်၊ အိန္ဒိယနိုင်ငံ (ချင်းနိုင်မြို့)၏ အရှေ့တောင်ဘက်မိုင် ၃၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး မုန်တိုင်းဗဟိုချက်အနီးတွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ မိုင် ၅၀ မှ မိုင် ၆၀ အထိ ရှိနိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း မေ ၁၄ ရက် နံနက်ပိုင်းမှ စတင်၍ အရှေ့မြောက်ဘက်သို့ ကွေ့လျက် မေ ၁၆ ရက် ညနေပိုင်းခန့်တွင် မြန်မာနိုင်ငံ(ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း) ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီသို့ ဖြတ်ကျော်ဝင်ရောက် နိုင်ကြောင်း ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ရှောင်ရှားရန် လိုအပ်ကြောင်းဖြင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(သတင်းစဉ်)**

LCCI (UK) ၏ 2012 အတွက် Level III နိုင်ငံတကာစာမေးပွဲများတွင် ဆရာဦးအောင်နိုင် (LCCI) သင်တန်းမှ ထွက်ပေါ်လာသော ကမ္ဘာနှင့်မြန်မာ ရွှေနှင့်ငွေတံဆိပ်ဆုရှင်များကို ဂုဏ်ပြုအပ်ပါသည်။

| | | | |
|---|---|---|---|
| HSU MYAT HONEY KO | (13/TKL (N) 06 3534) | World and Country First | (Gold medal) |
| KHIN PHOO PHOO PWINT | (12/ OKT (N) 181359) | World and Country First | (Gold medal) |
| THU THU WIN | (5/ YON (N) 06 7520) | World and Country First | (Gold medal) |
| HTET MYAT AUNG | (12/OKT (N) 16 4652) | Country First | (Gold medal) |
| HSU MYAT HONEY KO | (13/TKL (N) 06 3534) | Country Second | (Silver medal) |

☎: 09 730 99752, 09 730 66231, 09 515 1024, 01-377610

ကြေးမုံ စာ တည်း ရှု ထောင့် ၁၃-၅-၂၀၁၃၊ တနင်္လာနေ့

# ညီညွတ်မှုဖြင့် ကြိုတင်ကာကွယ်

သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်ပါက ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန်မှာ သက်ဆိုင်ရာက သတိပေးနေခြင်းထက် ဒေသခံလုပ်သားပြည်သူများ၏ အသိစိတ်ဓာတ်နိုးကြားမှုက အဓိကကျ အရေးပါလှပါသည်။

မြန်မာနိုင်ငံတွင် ကြုံတွေ့ဖူးသော မုန်တိုင်းများအနက် အသေအပျောက် အပျက်အစီးနည်းပါးခဲ့သည့် ဖြစ်စဉ်များမှာ သက်ဆိုင်ရာတာဝန်ရှိသူအသီးသီး၏ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မှု၊ ဒေသခံပြည်သူများ၏ အသိစိတ်ဓာတ်နိုးကြားမှုနှင့် စုပေါင်းညီညွတ်မှုတို့ကြောင့်ဖြစ်သည်။

သက်ဆိုင်ရာတို့က တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြသော်လည်း အသိစိတ်ဓာတ်နှင့် ညီညွတ်မှုနည်းပါးသောကြောင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသော ဖြစ်စဉ်ဖြစ်ရပ်များလည်း ရှိခဲ့ဖူးသည်။ သာဓကအနေဖြင့် မုန်တိုင်းကျရောက်မည်ကို ကြိုတင်အသိပေးခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် ပင်လယ်ပြင်တွင် လှေသင်္ဘောနှင့် တံငါသည်တို့ ဖိတ်စဉ်ခဲ့ရဖူးသည်။

ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသောတပ်မတော်သားတို့၏ ဇွဲ၊ လုံ့လ၊ သတ္တိနှင့် ကျွမ်းကျင်မှုတို့ကို ယုံမှားသံသယဖြစ်စရာမလိုသော်လည်း လှိုင်းလေပြင်းထန်ပြီး အပြောကျယ်လှသည့် ပင်လယ်ပြင်တွင် အသက်ကယ်ရသည့်အလုပ်မှာ အရာမရောက် မထိရောက်ဘဲ မလွယ်ကူလှသည်ကို လူတိုင်းသိကြပေလိမ့်မည်။

သက်ဆိုင်ရာတို့က မုန်တိုင်းသတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ တိတိကျကျထုတ်ပြန် အသိပေးဆောင်ရွက်ခဲ့သော်လည်း အန္တရာယ်ကြုံတွေ့နိုင်သည့် သင်္ဘောများနှင့် တံငါသည်တို့က လေးလေးစားစား ဂရုတစိုက် မဆောင်ရွက်ခဲ့ကြသဖြင့် မည်သည့်ကြိုတင်ကာကွယ်မှုမျှ ပြုလုပ်နိုင်ခဲ့ခြင်းမရှိချေ။

အကယ်၍ မိုးလေဝသပညာရှင်တို့၏ ကြိုတင်သတိပေးနှိုးဆော်ချက်များကို အားလုံးက အလေးအနက်ထား သတိပြုလုပ်ဆောင်ခဲ့ကြမည်ဆိုပါက ကြေကွဲဖွယ်ရာအဖြစ်ဆိုးကို ကြိုတင်ကာကွယ်တားဆီးနိုင်မည်မှာ မလွဲဧကန်အမှန်ဖြစ်ပေမည်။

ယခုအခါ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းနှင့်ပတ်သက်၍ သတိပေးနှိုးဆော်ချက်များကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများမှ အခါမလပ် အသိပေးနှိုးဆော်လျက်ရှိသည်။ သက်ဆိုင်ရာတို့နှင့် အဖွဲ့အစည်းအသီးသီးတို့ကလည်း ဆောင်ရွက်ဖွယ်ရာများကို အချိန်ပြည့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသတိပေးနှိုးဆော်ချက်များကို ဒေသခံပြည်သူများအနေဖြင့် ဂရုတစိုက် လေးလေးစားစား လိုက်နာကာ ကြိုတင်ကာကွယ် ရှောင်ရှားမှုများ ပြုလုပ်ထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်မှ အန္တရာယ်ကင်းကင်း အပျက်အစီးနည်းနည်းဖြင့် လွတ်ကင်းနိုင်မည်ဖြစ်ပါသည်။

မည်သည့် သဘာဝဘေးအန္တရာယ်ကိုမဆို လွန်ဆန်နိုင်ရန်မလွယ်ကူပါ။ ထိုဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်ရမည့် ပျက်စီးဆုံးရှုံးမှုများမှာ မျက်စိအောက်တွင် တစ်ခဏချင်းဖြစ်ပေါ်နိုင်သော်လည်း ပြန်လည်ထူထောင်ရန်အတွက်မူ အချိန်ကြာမြင့်စွာ ဆောက်တည်ယူရသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ကြုံတွေ့ရမည့် ပျက်စီးဆုံးရှုံးမှုများကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဌာနကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ သက်ဆိုင်ရာဌာနအသီးသီး၏ တာဝန်ကျေပွန်မှု၊ အချင်းချင်း အပြန်အလှန်လေးစားမှု၊ ထိရောက်သည့် ခေတ်မီကာကွယ်ရေးစနစ်များ အသုံးချနိုင်မှု၊ ပြည်သူများအသိစိတ်ဓာတ်ရှိမှု စသည့် စုပေါင်းညီညွတ်မှုဖြင့်သာ ဆောင်ရွက်နိုင်ပါသည်။

ထို့ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်မှ လွတ်ကင်းနိုင်စေရန်နှင့် ဆုံးရှုံးမှုသက်သာစေရန်အတွက် အားလုံးညီညီညွတ်ညွတ်ဖြင့် အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ပညာ၊ ကျန်းမာ၊ လူမှု၊ စီးပွားတိုးတက်ရေး ICT ကဏ္ဍမှ စွမ်းဆောင်ပေးနိုင်မည်ဟုယုံကြည်

ရန်ကုန် မေ ၁၂

Asian Oceanian Computing Industry Organization (ASOCIO) Mid Year Plenary Meeting-2013 ဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၈ နာရီတွင် လှိုင်မြို့နယ် MICT Park ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရဖြစ်စေရေးတို့တွင် အောင်မြင်မှုများ ရရှိရန် ICT ကဏ္ဍမှ စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ စီးပွားရေးတိုးတက်မှုများရရှိနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာအသုံးပြုမှုများ ရရှိရန် လိုအပ်ရာ မိမိတို့၏ မိတ်ဖက် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ကာလသည် ICT ကဏ္ဍသာမက အခြားစီးပွားရေးကဏ္ဍများတွင်လည်း နှစ်ဦးနှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်တို့အား ASOCIO, Chairman Mr. Abdullah Hel Kafi က အမှတ်တရ တံဆိပ်များ ပေးအပ်သည်။

အစည်းအဝေးကို မေ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး ASOCIO အဖွဲ့ဝင် ဘင်္ဂလားဒေ့(ရှ်)၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ လာအို၊ မလေးရှား၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တံတားများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်(၁၂၂/၃) တုံကန်ချောင်းတံတားနှင့် ပဲနွယ်ကုန်း-ကျောက်ကြီး- သံဘိုလမ်းပေါ်ရှိ ကျောက်ကြီးတံတား တည်ဆောက်ရေးလုပ်ငန်းတို့ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၉ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အများပြည်သူများအား အစုရှယ်ယာဈေးကွက် ပေါ်ပေါက်လာရေး ရှေးဦးအသိပေးဆွေးနွေး

နေပြည်တော် မေ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဂျပန်နိုင်ငံ Daiwa Securities Co., Ltd. နှင့် စင်ကာပူ KPMG ကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ အရင်းအနှီးဈေးကွက်ဖြစ်ပေါ်လာစေရေး၊ ၂၀၁၅ ခုနှစ်တွင် Stock Exchange အကောင်အထည်ဖော်လာနိုင်မည့် အခြေအနေတို့ကို ရည်ရွယ်၍ အများပြည်သူများအား အစုရှယ်ယာဈေးကွက်နှင့် စပ်လျဉ်းသည့် Initial Public Offering (IPO) Seminar ကို မေ ၇ ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှု အသင်းချုပ်၌ ကျင်းပရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Mr. Kazunari Ota, Managing Director, Investment Banking Solution Department, Daiwa Securities Co., Ltd. တို့က အမှာစကားပြောကြားသည်။ ထို့နောက် စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် အရင်းအနှီးဈေးကွက်၊ Stock Exchange တို့နှင့် စပ်လျဉ်း၍ အကျိုးရှိစေမည့် Stock Exchange ဆိုင်ရာနည်းဥပဒေများ၊ ဘဏ္ဍာရေးဆိုင်ရာ လိုအပ်သည့် သတင်းအချက်အလက်များ၊ ကြုံတွေ့ရမည့် အခက်အခဲများ၊ အကျပ်အတည်း အောင်မြင်ရေးဆိုင်ရာ အချက်များ၊ ရင်းနှီးမြှုပ်နှံမည့် ပုဂ္ဂိုလ်များမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၅-၂၀၁၃ (တနင်္လာနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၅ | ကျန်းမာဖို့ အတူကစားစို့ |
| ၆း၃၅ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက |
| ၇း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း |
| ၁၂း၂၅ | ဆေးရောင်စုံရုပ်ရှင် "ခပ်စိမ်းစိမ်းနေပါ့မယ်" (ရဲအောင်၊ဇေယျ၊ မို့မို့မြင့်အောင်၊ သန်းသန်းစိုး၊ မေဆွိ) (ဒါရိုက်တာ- အောင်မြင့်မြတ်) |
| ၄း၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၆း၂၀ | SEA Games ဇာတ်လမ်းတို |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း |
| ၈း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |





ပြည်တွင်းရေးရာ

❁ရွှေဖုံးမှ

နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေများကို ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် အမျိုးသား ပြန်လည်စည်းလုံးရေးကို အတိုင်းအတာတစ်ခုထိ ကြိုးပမ်းလုပ်ဆောင်ခဲ့ပါကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရန် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တစ်နည်းအားဖြင့် ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း အဓိကအခြေခံကျသော အချက်တစ်ချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်ဆောင်ရွက်ခဲ့ရာ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၁ ဖွဲ့ အနက် ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ ကျန်သည့် KIO/KIA နှင့်လည်း ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး မကြာမီ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ ဆက်လက်ပြီး ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန်၊ နိုင်ငံရေးအရ ဆွေးနွေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့အချိန်အခါတွင် ယခင်က တည်ငြိမ်အေးချမ်းမှုမရှိခဲ့သော နယ်စပ်ဒေသများတွင် အပစ်အခတ်များ ရပ်စဲပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ရန် အလားအလာကောင်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ ထို့အတူ တစ်ဖက်မှလည်း မငြိမ်းချမ်းမှုကြောင့် ဒုက္ခရောက်ကြရသော ပြည်သူများအတွက် ပြန်လည်နေရာချထားရေး လုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများ လိုလားသည့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်၊ စာပေစာနယ်ဇင်းဆိုင်ရာ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်၊ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ လူ့အခွင့်အရေး စသည့် ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် အခြေခံကျသော အချက်များကိုလည်း ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးခဲ့ပြီး လိုအပ်သည့် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်မလျော်ညီသော ဥပဒေများကို ရုပ်သိမ်းခြင်း၊ လိုအပ်ချက်အလိုက် ပြင်ဆင်ချက်ဖြင့် ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

အလားတူ ဒီမိုကရေစီ ဖော်ဆောင်ရာတွင် လိုအပ်သော ကောင်းမွန်သော အုပ်ချုပ်မှု(Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government)ဖြစ်စေရေး၊ ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်ရေး အတွက် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိနေပါကြောင်း၊

ထို့အတူ တိုင်းပြည်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ကြိုးပမ်းဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ မှ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုသည် ငါးဆတိုးတက်ခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၉ ဘီလီယံ၊ လုပ်ငန်းအရေအတွက် ၉၄ ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၁ ဒသမ ၁ ထရီလီယံကျပ်၊ လုပ်ငန်းအရေအတွက် ၆၅ ခု၊ အလုပ်အကိုင်အခွင့်အလမ်း ၈၂၇၉၂ ဦး ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

အလုပ်များပြားသည့် ကြားမှ ယခုကဲ့သို့ တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါကြောင်း၊ ယခုအခါ အရှိန်ရနေပြီဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီကို အရပ်ဘက်ပုဂ္ဂိုလ် ၅၀ ရာခိုင်နှုန်းပါဝင် ဖွဲ့စည်းပေးပြီး မျိုးဆက်သစ်များဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့အပြင် ထားဝယ်ရေနက်ဆိပ်ကမ်း၊ သီလဝါရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း အပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှု တိုးတက်မြင့်မားလာရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အခွန်အခဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းပြည်စီးပွားရေး၏ အခြေခံဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး လယ်ယာမြေမှတ်ပုံတင်များ ပြုလုပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ လယ်ယာမြေပိုင်ဆိုင်ခွင့်များ ရရှိကြမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအနေဖြင့် ၂၀၁၁ မှ ၂၀၃၁ အထိ နှစ် (၂၀) ဆောင်ရွက်မည့် အမျိုးသားဘက်စုံတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan-NCDP)ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (1st Myanmar Development Cooperation Forum)ကို နေပြည်တော်တွင် ကျင်းပခဲ့ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု (Political Reform)၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု(Economic and Social Reform)၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (Administrative Reform) တို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုးတက်မှု အတိုင်းအတာတစ်ခုအထိ ရှိနေပြီဖြစ်ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် မြို့ပြနှင့် ကျေးလက်ကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ကျင်းပသည့် အခမ်းအနားသည် လုပ်ငန်းစဉ် (၈)ရပ်အနက် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ လိုအပ်နေသော ငွေကြေးအရင်းအနှီး ပံ့ပိုးပေးနိုင်ရေးအတွက် အသေးစားငွေကြေး (Microfinance) လုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခမ်းအနားပင်ဖြစ်ပါကြောင်း၊ အသေးစားငွေကြေး(Microfinance) လုပ်ငန်းသည် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရန်အတွက် အဓိကအခြေခံကျသော လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အရင်းအနှီးမရှိ၊ မလုံလောက်သည့်အတွက် အတိုးနှုန်းကြီးမြင့်စွာဖြင့် ပြင်ပတွင် ချေးငွေရယူဆောင်ရွက်ရသဖြင့် ထိုက်သင့်သော အကျိုးအမြတ်မရရှိဘဲ မတည်ရင်းနှီးငွေ အခက်အခဲထဲတွင် သံသရာလည်လျက်ရှိနေကြပါကြောင်း၊ ယင်းအခက်အခဲမှ သက်သာရာရအောင် နိုင်ငံတော်အစိုးရက အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေကို ပြဋ္ဌာန်းပြီး ယင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ကိုယ်စား သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများကလည်း မိမိတို့တတ်နိုင်သလောက် အသေးစားငွေကြေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြပါကြောင်း၊ ယနေ့ သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အသေးစားငွေကြေးလုပ်ငန်းသည် ပြည်သူများ လတ်တလော သက်သာချောင်ချိမှုရရှိစေရုံအတွက်သာမဟုတ်ဘဲ နောင်သင့်တင့်သောကာလတွင် ပြည်သူများ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာ ရပ်တည်သွားနိုင်သည့် အခြေအနေကို ရောက်အောင်စနစ်တကျအကောင် အထည်ဖော်ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

**သမဝါယမ ကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ ဒုတိယ မဏ္ဍိုင် ဖြစ်သည်နှင့်အညီ တိုင်းပြည် စီးပွားရေးကို အမှန်တကယ်ထိထိရောက်ရောက် အထောက်အကူ ပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်။**

ထိုသို့ ဆောင်ရွက်ရာတွင်လည်း တစ်ပြည်လုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ယင်းစီမံချက်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် မတည်ရင်းနှီးငွေများစွာ လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယင်းလိုအပ်ငွေများရရှိနိုင်ရန်အတွက် Microfinance Bank ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အကူအညီ (Aids, Grants) များ ရရှိရန်နှင့် ချေးငွေ (Loans) များ ရရှိရန် နိုင်ငံတော်အစိုးရကပါ ပံ့ပိုးကူညီခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အသေးစား ငွေကြေးလုပ်ငန်းသည် ပြည်သူများ လတ်တလောသက်သာချောင်ချိစေရန်အတွက် သာမက နောင်အနာဂတ်တွင် ပြည်သူများမိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင် မျှော်မှန်းဆောင်ရွက်ပေးနေသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့ရရှိသောချေးငွေများကို မိမိတို့၏လုပ်ငန်းများတွင် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးပြုရန်လိုအပ်သကဲ့သို့ သတ်မှတ်ကာလစေ့ရောက်သည့်အခါတွင်လည်း ချေးငွေကိုမှန်မှန်ကန်ကန်ပြန်လည်ပေးဆပ်ရန် အရေးကြီးပါကြောင်း၊ တစ်ဦးချင်းတာဝန်ယူမှု၊ အဖွဲ့စနစ်ဖြင့်တာဝန်ယူမှု၊ သမဝါယမအသင်းများက တာဝန်ယူမှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုပါကြောင်း၊ ချေးငွေရယူသော ပြည်သူများက တာဝန်ကျေရန် လိုအပ်သကဲ့သို့ ဤလုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်နေကြသော သမဝါယမဝန်ကြီးဌာန ဝန်ထမ်းများ၊ သမဝါယမအသင်းများမှ အမှုဆောင်များနှင့် ဝန်ထမ်းများကလည်း မှန်မှန်ကန်ကန် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုပါကြောင်း။

ဤအသေးစား ငွေစုငွေချေးလုပ်ငန်းသည် တချို့နိုင်ငံများတွင် အောင်မြင်မှုများရှိသကဲ့သို့ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရခြင်းလည်း ရှိပါကြောင်း၊ အောင်မြင်မှု၊ ဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး ဆင်းရဲနွမ်းပါးသူများအတွက် အမှန်တကယ် ထိရောက်အကျိုးရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ထို့အတူ အုပ်ချုပ်ရေး၊ အဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ အားလုံးကလည်း ဤလုပ်ငန်း အောင်မြင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် လိုပါကြောင်း၊ ထိုသို့ ချေးငွေရယူကြသည့် ပြည်သူများ ငွေချေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးကြသော သမဝါယမဝန်ကြီးဌာနနှင့် သမဝါယမအသင်းအဖွဲ့များ၊ ဝိုင်းဝန်းထိန်းကျောင်းပေးရန်တာဝန်ရှိကြသော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များစသည့် အစုအဖွဲ့သုံးခုက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဤစီမံချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပုဂ္ဂလိကကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ ပထမမဏ္ဍိုင်ဖြစ်ပြီး သမဝါယမကဏ္ဍသည် ဒုတိယမဏ္ဍိုင်ဖြစ်ကာ နိုင်ငံတော်က တတိယကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။ သမဝါယမကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ ဒုတိယ မဏ္ဍိုင်ဖြစ်သည်နှင့်အညီ တိုင်းပြည် စီးပွားရေးကို အမှန်တကယ် ထိထိရောက်ရောက် အထောက်အကူပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တိုင်းပြည်စီးပွားရေးကို အမှန်တကယ် ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရေးအတွက် သမဝါယမအသင်းများကို အဆင့်တိုးမြှင့်ရန် မလွဲမသွေ လိုအပ်ပါကြောင်း၊ ထိုသို့ အဆင့်တိုးမြှင့်သည့်အခါ ငွေအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်များကို ကျယ်ကျယ်ပြန့်ပြန့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေး နို့ချက်စက်ရုံတွင် စက်ရုံမှ ထုတ်လုပ်သည့် နို့နှင့် နို့ထွက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၃ မှ

ကျင့်သုံးပြီး ကုန်ထုတ်လုပ်မှု သမဝါယမ အသင်းများအဖြစ် လည်းကောင်း၊ ကုန်သွယ်မှု သမဝါယမအသင်းများ အဖြစ်လည်းကောင်း၊ စက်မှုလယ်ယာ သမဝါယမအသင်းများအဖြစ် လည်းကောင်း၊ သမဝါယမအသင်းတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်သော အသင်းများအဖြစ်သို့ လည်းကောင်း၊ ဝန်ဆောင်မှု သမဝါယမအသင်းများ အဖြစ်လည်းကောင်း တတ်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင်သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း သမဝါယမ အသင်းများ အဆင့်မြှင့်တင်ရာတွင် လိုအပ်သော စက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သွင်းအားစုများ၊ နည်းပညာများကို ပြခန်းများဖြင့် ပါဝင်ပြသထားကြသည်ဟု သိရှိရပါကြောင်း၊ တက်ရောက်လာကြသော သမဝါယမအသင်းများ၊ အသင်းသားများအနေဖြင့် မိမိတို့၏ သမဝါယမအသင်းများကို မိမိတို့၏ အခြေအနေနှင့် လိုက်လျောညီထွေစွာ အဆင့်မြှင့်တင်နိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ထိုပြခန်းများတွင် နည်းလမ်းများ ရရှိအောင်



သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ အသေးစားချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

သမဝါယမဝန်ကြီးဌာနအနေဖြင့် လည်း သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေး အတွက် လိုအပ်သော အရင်းအနှီးငွေကြေး၊ နည်းပညာ၊ ဈေးကွက်၊ လူ့အရင်း အမြစ်ရရှိနိုင်ရေးအတွက် နည်းလမ်းနှင့် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့်လည်း သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေး၊ နိုင်ငံတော်၏ စီးပွားရေး ဒုတိယမဏ္ဍိုင်အဖြစ် တိုင်းပြည်စီးပွားရေးကို အမှန်တကယ် အထောက်အကူ ပြုလာနိုင်စေရေး အတွက် အဘက်ဘက်က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယနေ့အခါ သမဝါယမအခြေအနေကို ကြည့်လျှင် ဖွံ့ဖြိုးနေသော နိုင်ငံများ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ အများအပြား၌ သမဝါယမလုပ်ငန်းများနှင့် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိကြပြီး သမဝါယမလုပ်ငန်းများ အောင်မြင်နေသည်ကိုလည်း တွေ့မြင်နိုင်ပါကြောင်း။

ဥပမာ-အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် သမဝါယမ အသင်းအများဆုံးရှိသော နိုင်ငံဖြစ်ပြီး နိုင်ငံသား ၄၀ ရာခိုင်နှုန်းက သမဝါယမ အသင်းသားများ ဖြစ်ကြပါကြောင်း၊ Farmer Cooperative of America ဆိုသည့် သမဝါယမအသင်းသည် အမေရိကန်နိုင်ငံတွင် အောင်မြင်နေသော သမဝါယမအသင်းဖြစ်ပြီး လယ်ယာ၊ စားသောက်ကုန်၊ ကျန်းမာရေး၊ ငွေကြေးစသည့် လုပ်ငန်းများကို လုပ်ဆောင်နေပါကြောင်း၊ အသင်းပေါင်း ၂၉၂၁၄ သင်းဖြင့် အသင်းသား သန်း ၁၁၀ ရှိသည်ဟု သိရပါကြောင်း။

အလားတူ ဂျပန်နိုင်ငံ၌ လယ်ယာလုပ်ငန်းအားလုံးကို သမဝါယမ လယ်ယာအသင်းများက ရာနှုန်းပြည့် လုပ်ကိုင်ပါကြောင်း၊ ဂျာဆန်ချူ (JA-Zenchu) စိုက်ပျိုးရေး သမဝါယမ အသင်းစုချုပ်သည် အောင်မြင်နေသော သမဝါယမအသင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သီးနှံရောင်းဝယ်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ သွင်းအားစုများပံ့ပိုးရေးနှင့် အသေးစားငွေချေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ အသင်းဝင်အသင်းပေါင်း ၉၉၆ သင်းရှိပြီး အသင်းသား ကိုးသန်းကျော်ရှိသည်ဟု သိရပါကြောင်း။

အလားတူ အိန္ဒိယနိုင်ငံ၌ India Farmers Fertilizer Cooperative - IFFCO ဓာတ်မြေဩဇာ ထုတ်လုပ်ရောင်းချရေး သမဝါယမအသင်းသည် အောင်မြင်နေသော သမဝါယမ အသင်းတစ်သင်းဖြစ်ပြီး အသင်းပေါင်း ၃၉၈၂၄ သင်း၊ အသင်းသား လယ်သမား သန်း ၆၀ ကျော်ရှိသည်ဟု သိရပါကြောင်း။

ယင်းတို့မှာ ဥပမာအနေဖြင့် အနည်းငယ် ထုတ်နုတ်တင်ပြခြင်းဖြစ်ပြီး သမဝါယမလုပ်ငန်း အောင်မြင်နေသောနိုင်ငံအများအပြား ရှိနေသေးသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ သမဝါယမအသင်းများ အနေဖြင့်လည်း နိုင်ငံတကာမှ အောင်မြင်နေသော သမဝါယမအသင်းများ နည်းတူ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာအောင် ယခုအချိန်မှစပြီး လူသစ်၊ စိတ်သစ်၊ စနစ်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံတော်သစ်၏ သမဝါယမ တစ်ခေတ်ဆန်းမည့် အခမ်းအနားဖြစ်သကဲ့သို့ တိုင်းပြည်၏ လူအများစုဖြစ်သော ကျေးလက်နေပြည်သူများ၊ မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် အစပြုသည့်နေ့ဟုလည်း ဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် ယနေ့ အခမ်းအနားကို တက်ရောက်လာကြသော ကျေးလက်နှင့် မြို့ပြမှ သမဝါယမ အသင်းသားများ၊ သမဝါယမအသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သမဝါယမ ဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးက အသေးစား ငွေကြေးလုပ်ငန်းနှင့် သမဝါယမ အသင်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ဦးတည်ချက် (၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ အသေးစားချေးငွေများကို ပေးအပ်ကြသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့အတူ တိုင်းဒေသကြီးအစိုးရ အဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက သမဝါယမဝန်ကြီးဌာန နှင့် Good Brothers ကုမ္ပဏီတို့ ပေါင်းစပ်၍ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာ များကို သမဝါယမအသင်းများသို့ ပေးအပ်ခဲ့ပြီး ပုသိမ်ကြီးမြို့နယ်မှ အသင်းသား တောင်သူ ဦးစိန်ထွန်းက ပံ့ပိုးပေးမှုအတွက် ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၃၁ မြို့နယ်ရှိသမဝါယမအသင်းပေါင်း ၁၇၂၀ မှ အသင်းသား ၁၁၉၅၅၃ ဦး အတွက် ထုတ်ချေးငွေမှာ ငွေကျပ် ၅၅၆၀၄ ဒသမ ၇၅ သိန်းဖြစ်သည်။

အလားတူ မြို့နယ် ၃၀ ရှိ သမဝါယမအသင်း ၁၀၉ သင်းသို့ ငွေကျပ် ၃၆၄၅ ဒသမ ၃၆၃ သိန်း တန်ဖိုးရှိ လက်တွန်းထွန်စက် ၆၃ စီး၊ ထွန်စက် ငါးစီး၊ Faw ကားနှစ်စီး၊ ကောက်စိုက်စက်နှင့် ရိတ်သိမ်းစက် တစ်စီးစီ၊ ခြွေလှေ့စက် နှစ်စီး၊ ထော်လာဂျီ အစီး ၅၀၊ သုံးဘီးဆိုင်ကယ် ၁၆ စီး၊ ရေစုပ်စက် ၈၅ လုံး၊ မြက်ဖြတ်စက် နှစ်လုံး၊ အင်ဂျင်/ဒိုင်နမို အမျိုးမျိုး ၂၂ လုံး စုစုပေါင်း လယ်ယာသုံးစက်ကိရိယာ ၁၁ မျိုးကို အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အမျိုးသားဇာတ်ရုံဥပစာ၌ ခင်းကျင်းပြသထားသည့် သမဝါယမဝန်ကြီးဌာန၏ လုပ်ရှားမှုဓာတ်ပုံပြခန်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အမရပူရမြို့နယ်ရှိ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဆောင်းဒါးရက်ကန်း ကျောင်းအဆင့်မြှင့်တင်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေတို့က ဆောင်းဒါးရက်ကန်းကျောင်း အပါအဝင် ရက်ကန်းကျောင်းများအား အဆင့်မြှင့်တင်မည့်အစီအစဉ်၊ ပုဂ္ဂလိက ချည်ထည်လုပ်ငန်း အခြေအနေနှင့် ရက်ကန်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ဤသင်တန်းကျောင်းသည် အစဉ်အလာကြီးမားသည့် သင်တန်းကျောင်းကြီး ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသည့် ကျောင်းဖြစ်သဖြင့် တက္ကသိုလ်အဆင့်အထိ တိုးတက်ဖွင့်လှစ်သင်ကြားပေးနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

လူတစ်ဦး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် လက်ရှိအခြေအနေ၌ ပြည်သူတစ်ရပ်လုံး၏ စားရေးအတွက် ဖူလုံပိုလျှံလျက်ရှိပြီး နောင်တွင် တိုးတက်လာမည့် လူဦးရေ သန်း ၁၀၀ အတွက် စားရေးဖူလုံမှုရှိအောင် ရည်မှန်းဆောင်ရွက်နေကြောင်း၊ ဝတ်ရေးအတွက်မူ အဝတ်အထည်များ ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် ပြည်ပမှ အဝတ်အထည်များ ဈေးကွက်တွင် ဝင်ရောက်နေရာယူနေကြောင်း၊ လက်ရက်ကန်းဖြင့် ထုတ်လုပ်သော Hand Made ချည်ထည်များကို ကမ္ဘာ့နိုင်ငံတိုင်းက အမြတ်တနိုးတန်ဖိုးထားကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လက်ရက်ကန်းဖြင့် ချည်ထည်များ ရက်လုပ်မှုမှာ ရိုးရာအမွေအနှစ်ဖြစ်သဖြင့် မပျောက်ပျက်အောင် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ သို့သော် အဝတ်အထည်ဖူလုံရန်အတွက် အရေအတွက်များများထုတ်လုပ်နိုင်သည့် စက်ရက်ကန်းလုပ်ငန်းကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နေရေးအတွက်မှာလည်း လိုအပ်သည့် သစ်၊ ဝါး၊ အုတ်၊ သဲ၊ ကျောက် စသည်တို့မှာ ပြည်တွင်းမှာပင် လုံလောက်စွာရရှိနိုင်သည့်အတွက် စားဝတ်နေရေးဟူသည့် အရေးသုံးပါးတွင် ဝတ်ရေးကို ဖူလုံပြည့်စုံအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စေလိုကြောင်း၊ နယ်စပ်ဒေသနေ တိုင်းရင်းသားများမှာ လက်ရက်ကန်းကို လုပ်ကိုင်ကြသဖြင့် ရက်ကန်းသင်တန်းကျောင်းများတွင် တိုင်းရင်းသား သင်တန်းသားများကို ခေါ်ယူသင်ကြားပေးစေလိုကြောင်း၊ ဤသင်တန်းကျောင်းမှ ထူးချွန်ထက်မြက်သည့် သင်တန်းသားများအား သမဝါယမအသင်းများက အရင်းအနှီးများ မတည်ပေးခြင်းဖြင့် ရက်ကန်းလုပ်ငန်းရှင်များပေါ် ထွန်းလာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့အတူ စက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဂဟေဆက်သင်တန်း၊ လက်သမားသင်တန်း၊ သံချည်သံကွေးသင်တန်း၊ ပန်းရန်သင်တန်း စသည်တို့ကိုလည်း သင်တန်းကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ဖွင့်လှစ်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး ရက်ကန်းကျောင်းရှိ လေ့ကျင့်ရေး စက်ရက်ကန်းရုံနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များထုတ်လုပ်သည့် အဝတ်အထည်ပြခန်းများ၊ သင်တန်းကျောင်း၏ အထည်ရက်လုပ်မှုပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆောင်းဒါး ရက်ကန်းကျောင်းကို ၁၉၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအချိန်တွင် သက်တမ်း (၉၉)နှစ်ရှိပြီဖြစ်သည်။ အဆိုပါ ရက်ကန်းကျောင်းမဖွင့်လှစ်မီက အထည်ရက်လုပ်သည့် မြန်မာ့ရိုးရာလက်ထိုး ရက်ကန်းစင်မှာ လွန်းကို လက်ဖြင့် တွန်းပို့၍ ရက်လုပ်ရပြီး အထည်သား အနံ ၂၄ လက်မသာ

**စာမျက်နှာ ၅ ကော်လံ ၁ သို့✳**

## ပြည်တွင်းရေးရာ

✻ စာမျက်နှာ ၄ မှ

ရက်လုပ်နိုင်ခဲ့သည်။ ၁၉၁၀ ခုနှစ်တွင် အထက်မြန်မာပြည် တရားရေးမင်းကြီး Mr. L.H. Saunders က အင်္ဂလန်မှ လွန်းပြန်လက်ခတ်ကို ယူဆောင်ကာ မြန်မာ့ရိုးရာလက်ရက်ကန်းစင်ပေါ်တင်၍ အမရပူရမြို့နယ်ရှိ ရက်ကန်းလုပ်ငန်း ရှင်များအား ရက်ခတ်ပြသပေးခဲ့ရာ ကြိုက်နှစ်သက်ကြသဖြင့် သင်တန်း များ ဖွင့်လှစ်ပေးရာမှ ရက်ကန်းသင်တန်းကျောင်း စတင်ပေါ်ပေါက် လာခြင်းဖြစ်သည်။

လွန်းပြန်လက်ခတ်ရက်ကန်းစင်မှာ လွန်းကိုလက်ဖြင့်မထိုးရဘဲ လက်ခတ်ကိုတွန်းထိုးရုံမျှဖြင့် လွန်းအလိုအလျောက်သွားခြင်းကြောင့် အချိန်ကုန်သက်သာ၍ အထည်သားပိုမိုကောင်းမွန်သည့် အထည်အရေအတွက်များများ ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင် အထည်သားအနံ ၄၅ လက်မ(အနံကြီး)ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၅၂-၅၃ ခုနှစ်တွင် စက်ရက်ကန်းအထည်ပန်းပုံရိုက်နှင့် ပေါင်ဖြင့်ပန်းပုံရိုက်သင်တန်းတို့ကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဆောင်းဒါးရက်ကန်းကျောင်းအား သိပ္ပံအဆင့်တိုးမြှင့်ပြီး ဒီပလိုမာလက်မှတ်ပေးအပ်ရန် တက္ကသိုလ်များဗဟိုကောင်စီက သဘောတူညီပြီးဖြစ်ကြောင်း သိရသည်။

သမဝါယမဝန်ကြီးဌာန အောက်တွင် ဆောင်းဒါးရက်ကန်းကျောင်း အပြင် အထက်တန်းရက်ကန်းကျောင်း ရှစ်ကျောင်းနှင့် အခြေခံရက်ကန်းကျောင်း ငါးကျောင်းတို့ကိုဖွင့်လှစ်ထားသည်။

ရက်ကန်းကျောင်းများအား အဆင့်မြှင့်တင်ရာတွင် ရက်ကန်းပညာ(ရိုးရာလက်ရက်ကန်းနှင့် စက်ရက်ကန်း)၊ မြန်မာ့ရိုးရာ လွန်းရာကျအချိတ်နှင့် ရွှေချည်ထိုးပညာတို့ကို သင်ကြားပေးရန် ရည်ရွယ်ထားသည်။ ရက်ကန်းကျောင်းများ၏ သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းကို လက်တွေ့



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ အသေးစားချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

လုပ်ငန်းခွင် လိုအပ်ချက်များနှင့်အညီ ပြောင်းလဲမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်း သင်တန်းအသစ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ မြို့နယ်၄၄ ခုတွင် ပုဂ္ဂလိက ချည်ထည်လုပ်ငန်းရှင် စုစုပေါင်း ၂၄၃၃ ဦးရှိပြီး စက်ရက်ကန်းစင် ၁၃၅၁၆ ခုနှင့် လက်ရက်ကန်းစင် ၁၀၂၈၀ ဖြင့် ကျား၊ မဝတ်လုံချည်အမျိုးမျိုး၊ ချည်အင်္ကျီစအမျိုးမျိုး၊ ပိုးထည်များနှင့် စောင်၊ စင်များတပ်ဆင်၍ စက်ရက်ကန်းသင်တန်းများဖွင့်လှစ်ခဲ့သည်။ ယနေ့အချိန်တွင် အထည်အလိပ်အတတ်ပညာသင်တန်း၊ ရိုးရာလွန်းရာကျအချိတ်သင်တန်း၊ ရွှေချည်ငွေချည်ထိုးသင်တန်း၊ ဂျပ်ခုတ်စာစည်းကြိုးသင်တန်းနှင့် စက်ပြင်/စက်မောင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် ဒိုဘီစက်ခေါင်းဖြင့် အပွင့်ဖော်ခြင်း၊ အထည်ဒီဇိုင်း၊ ချည်မျှင်နှင့်အထည် ဓာတုဆိုးဆေးနှင့် သဘာဝဆိုးဆေး၊

တဘက်၊ လွယ်အိတ်၊ ပဝါအမျိုးမျိုး၊ ကုလားထိုင်ခင်းနှင့် အိပ်ရာခင်း စသည်တို့ကို ထုတ်လုပ်လျက်ရှိသည်။

မန္တလေး တိုင်းဒေသကြီးတွင် ချည်ထည်လုပ်ငန်းရှင် ၁၉၅၉ ဦးရှိပြီး စက်ရက်ကန်းစင် ၁၂၁၃၂ ခုနှင့် လက်ရက်ကန်းစင် ၁၉၇၂ ခုတို့ဖြင့် အထည်အမျိုးမျိုးကို ထုတ်လုပ်လျက်ရှိသည်။စက်ရက်ကန်းစင်များမှ တစ်လလျှင် ကျား၊ မဝတ်လုံချည် ပျမ်းမျှ ၅၂ သိန်း၊ တစ်နှစ်လျှင် ပျမ်းမျှ ၆၂၄ သိန်း ထုတ်လုပ်လျက်ရှိပြီး ထုတ်လုပ်မှုတန်ဖိုးမှာ တစ်လလျှင် ခန့်မှန်းငွေကျပ် ၁၄ ဒသမ ၅၅၈ ဘီလီယံ၊ တစ်နှစ်လျှင် စုစုပေါင်း ငွေကျပ် ၁၇၄ ဒသမ ၇ ဘီလီယံရှိကြောင်း သိရသည်။

နိုင်ငံတော်သမ္မတသည် ဆောင်းဒါးရက်ကန်းကျောင်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Myanmar Dairy Industries Ltd. တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးနို့ချက်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံတွင် နို့မှုန့်ထုတ်လုပ်နေမှုနှင့် စက်ရုံက ထုတ်လုပ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် Myanmar Dairy Industries Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစောဘလာထူးတို့က နို့ချက်စက်ရုံပေါ်ပေါက်လာပုံ၊ စက်ရုံမှ ထုတ်လုပ်သည့် နို့ထွက်ပစ္စည်းများနှင့် စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူများ အလုပ်အကိုင်များများရရှိရေးနှင့် ပြည်ပမှနို့နှင့်နို့ထွက်ပစ္စည်းများ တင်သွင်းနေ



ပုသိမ်ကြီးမြို့နယ်မှ ဦးစိန်ထွန်း ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆောင်းဒါးရက်ကန်းကျောင်း၏ အထည်ရက်လုပ်မှုပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရမှုကို လျှော့ချနိုင်ရေးတို့အတွက် ဦးတည်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်း လွတ်လပ်စွာကုန်သွယ်ခွင့်ရရှိတော့မည်ဖြစ်ရာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး ဖက်စပ်လုပ်ကိုင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံများကို နေရာအနှံ့အပြားတွင် တည်ဆောက်လုပ်ကိုင်မနေဘဲ သမဝါယမအသင်းများ၏ စုစည်းအားဖြင့် တစ်နေရာတည်းတွင် စက်ရုံကြီးတစ်ရုံကို တည်ဆောက်လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ ယင်းသို့တည်ထောင်ရာတွင် နွားမွေးမြူသည်မှ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည်အထိ Supply Chain တစ်ခုလုံးကို ခေတ်မီနည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါစက်ရုံကို ၁၉၈၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး စက်ရုံမှ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ ထောပတ်နှင့်ရေခဲမုန့်တို့ကို ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**(သတင်းစဉ်)**

## မကွေးကို သရေကစားပြီး ကမ္ဘောဇ F.C ရာသီဝက်ချန်ပီယံဖြစ်

**ရန်ကုန်　မေ　၁၂**

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁၀) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။**(ယာပုံ)**

**(အောင်ဆန်းကွင်း)**

မကွေး-နှစ်ဂိုး

(မူရီလို-ပယ်နယ်တီနှင့် မောင်မောင်စိုး)

ကမ္ဘောဇ-နှစ်ဂိုး

(စိုးမင်းဦးနှင့် ဂျူနီယာ)

ရာသီဝက်ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့သည်။ မကွေးအသင်းမှာ သရေသာကစားနိုင်ခဲ့သောကြောင့် ရာသီဝက်ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသော်လည်း ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းနိုင်ခဲ့သည်။ ကမ္ဘောဇအသင်းမှာ မကွေးကို သရေသာကစားနိုင်ခဲ့သောကြောင့် ရာသီဝက် ချန်ပီယံအဖြစ်ရပ်တည်နိုင်ခဲ့သော်လည်း ဒုတိယနေရာမှ ဇေယျာရွှေမြေနှင့် အမှတ်တူနေသောကြောင့် ဒုတိယအကျော့တွင် ပိုမိုရုန်းကန်ရမည့် အနေအထားပင်ဖြစ်သည်။ မကွေးအတွက် ၁၅ မိနစ်တွင် မူရီလို၊



၅၅ မိနစ်တွင် မောင်မောင်စိုးတို့က သွင်းယူပေးခဲ့ပြီးနောက် ကမ္ဘောဇအတွက် ၂၉ မိနစ်တွင် စိုးမင်းဦးနှင့် ၄၂ မိနစ်တွင် ဂျူနီယာတို့က သွင်းယူခဲ့သည်။

**(သုဝဏ္ဏကွင်း)**

ရောဝတီ -နှစ်ဂိုး

(ဒိုမိနစ်နှင့် လီအန်ဒရို)

Southern-ဂိုးမရှိ

ပထမအကျော့ပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ ကမ္ဘောဇက ပထမ၊ ဇေယျာရွှေမြေက ဒုတိယ၊ နေပြည်တော်က တတိယ၊ ရန်ကုန်အသင်းက စတုတ္ထ၊ ရောဝတီအသင်းက ပဉ္စမနေရာတို့တွင် ရပ်တည်နေသည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**






# ဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှုနည်းပညာသင်တန်းနှင့် ကွန်ပျူတာနှင့် အင်္ဂလိပ်ဘာသာ အထူးမွမ်းမံသင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၂

စတုတ္ထအကြိမ် Buddhist Civil Society Management ဗုဒ္ဓနည်းကျစီမံခန့်ခွဲမှုနည်းပညာသင်တန်းနှင့် စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ် ဌာနဆိုင်ရာဝန်ထမ်း သင်တန်းသားသင်တန်းသူ ၄၇ ဦးတို့အား ကွန်ပျူတာနှင့် အင်္ဂလိပ်ဘာသာအထူးမွမ်းမံသင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတောင်ရိုး ဗုဒ္ဓဘာသာပညာရေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတဝရာ ဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခဆရာတော် ဒေါက်တာဘဒ္ဒန္တ ဓမ္မပိယနှင့် မန္တလေးမြို့ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တနာယကတို့က ဩဝါဒကထာ မြွက်ကြားကြကာ IBEC ဗုဒ္ဓဘာသာ ပညာရေးစင်တာကျောင်းတိုက်ကိုယ်စား အရှင်သောဘိတက ဌာနဆိုင်ရာ ဝန်ထမ်းများအား သင်တန်းဆင်းလက်မှတ်ပေးရခြင်းနှင့် ဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှုနည်းပညာသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားရာ၌ ယနေ့ဖွင့်လှစ်သင်ကြားပို့ချမည့် သင်တန်းသည် လူ့အဖွဲ့အစည်းအသီးသီးတို့တွင် မရှိမဖြစ် လိုအပ်သော Leadership ခေါင်းဆောင်မှုနည်းပညာ၊ Administration and Communication Skill စီမံခန့်ခွဲမှုနှင့် ဆက်ဆံရေးကျွမ်းကျင်မှုနည်းပညာ စသည်တို့ကို ဗုဒ္ဓနည်းကျ သင်ကြားပို့ချသွားမည့် သင်တန်းဖြစ်ကြောင်း၊ ဘဝ၏ တန်ဖိုးအညစ်အကြေးများကို ဆေးကြောရန်၊ တောက်ပြောင်သည့်ဘဝကို ဖန်တီးရန်၊ ဘဝ၏ အထက်တန်းကို တက်လှမ်းနိုင်ရန်၊ ဘဝ၏ အခက်အခဲအနှောင့်အယှက်များကို ကျော်ဖြတ်နိုင်ရန်အတွက် The Tow Vital Essence ဟုခေါ်သည့် မရှိမဖြစ် လိုအပ်သောတန်ဖိုး သို့မဟုတ် မရှိမဖြစ် လိုအပ်သော အရည်အချင်းဖြစ်သည့် ကရုဏာနှင့်ပညာ ပြဋ္ဌာန်းသည့် သင်ခန်းစာများ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် လျှောက်ထားပြီး ဘဝ၏ အခက်အခဲအနှောင့်အယှက်ဟူသမျှကို မြူမှု မကျန်အောင် ရှင်းလင်းသုတ်သင်ကျော်ဖြတ်ကာ ကရုဏာတရားကြောင့် နှလုံးသားအေးချမ်းပြီး ပညာကြောင့် ဘဝကို တောက်ပြောင်အောင်ဖန်တီးနိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျှောက်ထားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ ကျောင်းတိုက်ကိုယ်စား ပဓာနနာယကကျောင်းအုပ်ဆရာတော် အရှင်သောဘိတထံသို့ အလှူငွေကျပ်နှစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် စစ်ကိုင်းမြို့ ဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) အတွင်းရှိ ဆွမ်းချက်ဆောင်နှင့် စတိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

**(၇၁) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး**

၂၀၁၃ ခုနှစ်၊ မေလ (၁၃) ရက် - (၁၄) ရက်

စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၊ ဒက္ခိဏသီရိမြို့နယ်၊
နေပြည်တော်

## သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အလှူငွေများ လှူဒါန်းနိုင်

နေပြည်တော် မေ ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်း တစ်တွင်းအတွက် ကုန်ကျငွေမှာ နှစ်လက်မပတ်လည် ပေ ၂၀၀ အတွက် ငွေကျပ် ၂၅ သိန်း၊ နှစ်လက်မပတ်လည် ပေ ၄၀၀ အတွက် ငွေကျပ် သိန်း ၃၀၊ လေးလက်မပတ်လည် ပေ ၂၀၀ အတွက် ငွေကျပ် သိန်း ၃၀၊ လေးလက်မပတ်လည် ပေ ၄၀၀ အတွက် ငွေကျပ် သိန်း ၄၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

စေတနာရှင်၊ အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပြီး လှူဒါန်းလိုသူများသည် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ၄၀၉၂၁၁၊ ၄၀၉၃၆၂၊ ၄၀၉၄၀၉၊ ၀၁-၂၀၂၇၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် အပြစ်မဲ့ပြည်သူသုံးဦး ဒဏ်ရာများရရှိ

နေပြည်တော် မေ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် ကျင်စန်းကျော့လမ်းခွဲမှ ၁၀၅ မိုင် စစ်ဆေးရေးဂိတ် ရှောင်ကွင်းလမ်းဘေးရှိ လူနေအိမ်တစ်လုံးကို မေ ၁၁ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် မူဆယ်မြို့နယ် အထက်တုံခံကျေးရွာနေ မောင်ကျော်သူထိုက် (၂၄)နှစ်၏ ဝဲရင်အုံတွင် လက်နက်ငယ်ကျည် ဖောက်ဝင်ဒဏ်ရာ၊ ဟိုနောင်ကျေးရွာနေ ဦးညီညီ (၃၆)နှစ်၏ ရင်အုံ၊ ယာပါး၊ ယာပေါင်တို့တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများနှင့် ဦးကျော်မင်းဆွေ (၄၂) နှစ်၏ ဝဲခြေဖနောင့်နှင့် ဝဲပေါင်ရင်းတို့တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများရရှိခဲ့ရာတွင် နယ်မြေခံစစ်ကြောင်းက မူဆယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သေနတ်ဒဏ်ရာရရှိခဲ့သော ညီညီ။



သေနတ်ဒဏ်ရာရရှိခဲ့သော ကျော်သူထိုက်။

# နမ့်ခမ်းမြို့ ရဲစခန်းမှ ခြောက်ဖာလုံခန့်အကွာ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

နေပြည်တော် မတ် ၁၂

မေ ၁၁ ရက် ည ၈ နာရီခွဲခန့်တွင် နမ့်ခမ်းမြို့ ရဲစခန်း၏ အရှေ့တောင်ဘက် ခြောက်ဖာလုံခန့်အကွာ အမှတ်(၄) ဝိန်သာရပ်ကွက် နဝရတ်ရိပ်သာအနီး ဗိုလ်တဲလမ်းတွင် ပေါက်ကွဲသံတစ်ခု ကြားရသဖြင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဖြစ်စဉ်တွင် နဝရတ်ရိပ်သာ အတက်လမ်း၏ ညာဘက်၊ နဝရတ်ရိပ်သာနှင့် တစ်ဖာလုံခန့်အကွာ ပေါက်ကွဲမှုဖြစ်ပွားရာနေရာ ကုန်းစောင်း၌ အချင်း နှစ်ပေ၊ အနက် ခြောက်လက်မခန့်ရှိ ချိုင့်ခွက်တစ်ခု တွေ့ရှိရပြီး ၎င်းနေရာအနီးတွင် မိုင်းအပိုင်းအစများ တွေ့ရှိရကြောင်း၊ အဆိုပါမိုင်းမှာ လက်လုပ်မိုင်း အမျိုးအစားဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ထိခိုက်မှု မရှိကြောင်း သတင်းလူ၊ တိရစ္ဆာန်၊ အဆောက်အအုံများ ရရှိသည်။ (သတင်းစဉ်)





# ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းများအတွက် ကျန်းမာရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၁၂**

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEA Games) တွင် မြန်မာ့လက်ရွေးစင် ဘောလုံး အသင်းများအတွက် ကျန်းမာရေး ကဏ္ဍပံ့ပိုးကူညီမှုများ ပြုလုပ်ရန် ဆွေးနွေးပွဲတစ်ရပ်ကို မေ ၉ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်(MFF) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီး ဌာနမှ ပါမောက္ခ ဒေါက်တာဇော်ဝေစိုး က မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍမှလည်း ကူညီ ဖြည့်ဆည်းပေးလိုကြောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တွင်လည်း ဆေး ဘက်ဆိုင်ရာကော်မတီတစ်ရပ် ဖွဲ့စည်း ပြီး လက်ရွေးစင်အသင်းများ၊ ကလပ် အသင်းများ၊ အကယ်ဒမီများမှ ကစားသမားများ၏ ကျန်းမာရေးကဏ္ဍ ကို ပိုမိုစောင့်ရှောက်ပေးလိုကြောင်း၊ ကော်မတီကို စနစ်တကျဖွဲ့စည်းပြီး ကျွမ်းကျင်သူပညာရှင်များ၏ လမ်းညွှန်မှု ရယူကာ လုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်စေလိုကြောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က MFF ဆေးဘက်ဆိုင်ရာကော်မတီကို စနစ် တကျ ဖွဲ့စည်းသွားမည်ဖြစ်ပြီး ယခု ကဲ့သို့ ဘောလုံးလောကအတွက် ပါဝင် ဆောင်ရွက်မှုအပေါ် ဆရာဝန်ကြီး များနှင့် ကျွမ်းကျင်သူများအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း၊ ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ကျန်းမာ ရေးကော်မတီအထိ မြန်မာနိုင်ငံမှ သွားရောက်တာဝန်ထမ်းဆောင်နိုင် ကြသူများဖြစ်လာရန် မျှော်လင့်ပါ ကြောင်း၊ ဖီဖာမှ 11 For Health ကျန်းမာရေးဆိုင်ရာပံ့ပိုးမှု ပရိုဂရမ်ကို အာရှနိုင်ငံများအနက် မြန်မာနိုင်ငံအား ပထမဆုံး ရွေးချယ်ပေးအပ်ခဲ့ပြီး ကျန်းမာရေး၊ ပညာရေး၊ အားကစား စသည့် ဝန်ကြီးဌာနသုံးခုနှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်ကို ဖီဖာဥက္ကဋ္ဌနှင့် နိုင်ငံ တကာမှလည်း အသိအမှတ်ပြုထားပါ ကြောင်း၊ ပြည်ပမှ ပါမောက္ခ ဆရာဝန်ကြီးများကို ဖိတ်ကြားပြီး မြန်မာ့ ဘောလုံးလောကအတွက် ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပသွားရန် တိုက်တွန်း ပါကြောင်း၊ ဆရာဝန်ကြီးများအနေဖြင့် ဘောလုံးအကယ်ဒမီများမှ လူငယ် ကစားသမားများ၊ လက်ရွေးစင်အသင်း များမှ အမျိုးသား၊ အမျိုးသမီးကစား သမားများ၊ နေရှင်နယ်လိဂ် ကလပ် အသင်းများမှ ကစားသမားများ ကျန်းမာရေးနှင့် အာဟာရ၊ အားကစား ဆေးပညာ၊စိတ်ပညာ စသည့် အသိ ပညာများဖြန့်ဖြူးပေးရန် မေတ္တာ ရပ်ခံပါကြောင်း စသဖြင့် အမှာစကား ပြောကြားသည်။

အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ဆေးဘက်ဆိုင်ရာကော်မတီဖွဲ့စည်းရေး နှင့် လစဉ် အစည်းအဝေးကျင်းပရေး၊ ဆရာဝန်နှင့်သူနာပြုများ ခန့်အပ် တာဝန်ပေးရေးတို့အား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပါမောက္ခ ဆရာဝန် ကြီးများနှင့် ကျွမ်းကျင်သူများမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းသိရသည်။ **(ဇော်မင်းအောင်)**

**တန်ပိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ**



ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်၌ ဧပြီလအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နတ်စင်တောင် တန်းဒေသ ရှမ်းပြည်နယ် သာသနနုဂ္ဂဟအသင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ် သော ယဉ်ကျေးလိမ္မာ(ယဉ်ကျေးမှုကျင့်ဝတ်ဘာသာရပ်)ဆရာဖြစ်မွမ်းမံ သင်တန်း၌ ဆရာ ဆရာမ ၈၀ တို့ တက်ရောက်ကြစဉ်။ (ကြေးမုံ)

# အာဆီယံတိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာအသင်း အသန့်ရှင်းဆုံးဆုရ

**နေပြည်တော် မေ ၁၂**

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော (၁၁)ကြိမ်မြောက် အာဆီယံတိုက်ကွမ်ဒို ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ၌ ဆက်လက် ကျင်းပရာ ဗီယက်နမ်အသင်းဗိုလ်စွဲပြီး မြန်မာအသင်းက စတုတ္ထနေရာတွင် ရပ်တည်ခဲ့သည်။ မြန်မာအသင်းသည် အသန့်ရှင်းဆုံးအသင်းဆုကို ဆွတ်ခူး ရရှိခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသော စီနီယာတန်းအတိုက်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ရပ်လုံး၌ ဝိတ်တန်းခုနစ်တန်းစီ ကျင်းပခဲ့ရာ အမျိုးသားဝိတ်တန်း ခုနစ် တန်းတွင် ၅၈၊ ၇၄၊ ၈၀ အောက်ကီလိုတန်းသုံးတန်းနှင့် ၈၇ အထက်ကီလို တန်းတို့တွင် ဖိလစ်ပိုင်ကစားသမားများက ပထမရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး ၆၃ နှင့် ၈၇ အောက်ကီလိုတန်းနှစ်တန်းတွင် ဗီယက်နမ်ကစားသမားများက ရွှေတံဆိပ် ဆွတ်ခူးခဲ့ကြသည်။ ၆၈ အောက်ကီလိုတန်းတွင် လာအိုကစားသမားက ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

မြန်မာကစားသမားများအနက် ၈၇ အောက်ကီလိုတန်းတွင် မောင်မောင်ဦး က ငွေတံဆိပ်ရခဲ့ပြီး ၅၈၊ ၆၃၊ ၈၀ အောက် ကီလိုတန်းသုံးတန်းတွင် ကြေးတံဆိပ် များ ဆွတ်ခူးနိုင်ခဲ့ကြသည်။

အမျိုးသမီးစီနီယာတန်းပြိုင်ပွဲ ဝိတ်တန်းခုနစ်တန်းတွင် ဗီယက်နမ်ကစား သမားများက ၄၉၊ ၅၃၊ ၆၂၊ ၆၇၊ ၇၃ အောက်ကီလိုတန်းငါးတန်းတွင် ရွှေတံဆိပ် ငါးဆုရရှိခဲ့ကြပြီး ၅၇ အောက်ကီလိုတန်းတွင် ထိုင်း၊ ၇၃ အထက်ကီလိုတန်း တွင် ဖိလစ်ပိုင်နိုင်ငံတို့မှ ကစားသမားများက ရွှေတံဆိပ်ရရှိခဲ့ကြသည်။

မြန်မာကစားသမားများအနက် ၅၃ အောက်ကီလိုတန်းတွင် နေစန္ဒာကျော်ဦး၊ ၆၂ အောက်ကီလိုတန်းတွင် ဇစ်တိုးရီးယား၊ ၆၇ အောက်ကီလိုတန်းတွင် ရွက်ဝါ ထွန်းတို့သုံးဦး ငွေတံဆိပ်ဆုများဆွတ်ခူးခဲ့ပြီး ၄၉ အောက်ကီလိုတန်းတွင် အေးအေးခိုင်က ကြေးတံဆိပ်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဗီယက်နမ်အသင်းသည် ရွှေ ၂၄ ခု၊ ငွေ ၁၄ ခု၊ ကြေး ရှစ်ခုဖြင့် တံခွန်စိုက်ဖလားရရှိဗိုလ်စွဲခဲ့ပြီးဖိလစ်ပိုင်က ရွှေ ၁၂ ခု၊ ငွေ ၁၄ ခု၊ ကြေး ၁၄ ခုဖြင့် ဒုတိယ၊ မလေးရှားက ရွှေ လေးခု၊ ငွေ လေးခု၊ ကြေး ၁၂ ခုဖြင့် တတိယ ရရှိခဲ့သည်။ အိမ်ရှင်မြန်မာအသင်းသည် ရွှေ သုံးခု၊ ငွေ ကိုးခု၊ ကြေး ၂၆ ခုဖြင့် စတုတ္ထ၊ အင်ဒိုနီးရှားက ရွှေ သုံးခု၊ ငွေ ငါးခု၊ ကြေး ၁၃ ခုဖြင့် ပဉ္စမ၊ ထိုင်းက ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး သုံးခုဖြင့် ဆဋ္ဌမ၊ လာအိုက ရွှေ တစ်ခု၊ ငွေ တစ်ခု၊ ကြေး ခြောက်ခုဖြင့် သတ္တမ၊ စင်ကာပူက ရွှေ တစ်ခု၊ ကြေး နှစ်ခုဖြင့် အဋ္ဌမ နေရာတွင် အသီးသီးရပ်တည်နိုင်ခဲ့ပြီး မလေးရှားအသင်းသည် အတိုးတက်ဆုံး အသင်းဆုကိုပါ ရရှိခဲ့ကြောင်း သိရသည်။ **(လေးဒီ)**


# လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲတွင် ဂုဏ်ထူးဆောင် အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆု ရရှိသူ ဦးအုန်းဆိုင် (ဒုဥက္ကဋ္ဌ-လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ဥက္ကဋ္ဌ-ရန်ကုန် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ-ဘုရင့်နောင်ကုန်စည်ဒိုင်) အား အထူးဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် နိုင်ငံအကျိုး၊ ကုန်သည်/ စက်မှုလုပ်ငန်းအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**

# ကော့သောင်းမြို့တွင် မုန်တိုင်းသတိပေးချက် ကြေညာ

**ကော့သောင်း မေ ၁၂**

ယခုလက်ရှိအချိန်တွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်လျက်ရှိသော မဟာစင် (MAHASEN) မုန်တိုင်းအခြေအနေများကို သိရှိနိုင်ရန် ကော့သောင်းမြို့ပေါ် ရပ်ကွက်များနှင့် ပင်လယ်ကမ်းစပ်နေ ရပ်ကွက်များ၊ ကျေးရွာများတွင် ပြည်သူများ သိရှိသတိထားနိုင်စေရန် ယမန်နေ့ ည ၇ နာရီတွင် အသံချဲ့စက်များဖြင့် လိုက်လံကြေညာအသိပေးခဲ့သည်။(ယာပုံ)



အဆိုပါ ကြေညာချက်များတွင် ကော့သောင်းမြို့သည် ပင်လယ်ကိုအမှီပြုပြီး လုပ်ကိုင်စားသောက်နေကြသော ရေလုပ်သားမိသားစုများ အများစုနေထိုင်ကြသည့်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ နောက်ဆုံးထုတ်ပြန်ချက် အခြေအနေများကို မြို့နေပြည်သူများ သိရှိနိုင်စေရန်နှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေကြသော ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ မုန်တိုင်းအန္တရာယ်အားကြိုတင် ရှောင်ရှားနိုင်ကြစေရန်ဖြစ်သည်။

လက်ရှိ ကော့သောင်းမြို့၏ မိုးလေဝသအခြေအနေမှာ မိုးအုံ့နေခြင်းမှလွဲပြီး လေပြင်းများ တိုက်ခတ်ခြင်းလုံးဝမရှိဘဲ ငြိမ်သက်လျက်ရှိကြောင်း သိရသည်။

**(ကျော်စိုး-ကော့သောင်း)**

# မုန်တိုင်းသတင်းကြေညာထုတ်ပြန်ချက်ကြောင့် ပင်လယ်ရေကြောင်းမှ စားအုန်းဆီသင်္ဘောအဝင် ခက်ခဲနိုင်

**ရန်ကုန် မေ ၁၂**

မေလ ဒုတိယပတ်အကုန်တွင် လေမုန်တိုင်းဝင်ရောက်နိုင်မှုအတွက် သတိပေးထုတ်ပြန်ချက်များနှင့်အတူ ပင်လယ်ရေကြောင်းမှ စားအုန်းဆီသင်္ဘောအဝင်တွင် အခက်အခဲများ တွေ့ကြုံနိုင်သည်ဆိုသော သတင်းများကြောင့် ဈေးကွက်တွင် စားအုန်းဆီဝယ်လိုအားမြင့်တက်လာရာ မေ ၁၁ ရက် (စနေနေ့)တွင် လက်ငင်းလက်ကား တစ်ပိဿာ ၁၄၇၅ ကျပ်သို့ ဈေးမြင့်တက်လာသည်ဟု ဆီဈေးကွက်မှ သိရသည်။

မေလဆန်းအတွင်း စားအုန်းဆီသင်္ဘောလေးစင်း တန်ချိန်အားဖြင့် နှစ်သောင်း (ပီပါအလုံးရေ တစ်သိန်း) ဝန်းကျင် ပြည်တွင်းသို့ ဝင်ရောက်ခဲ့သည်ဟု သတင်းရရှိသော်လည်း စိုးရိမ်စိတ်ဖြင့် ဝယ်လိုအားမြင့်တက်မှုကြောင့် ခြောက်ရက်အတွင်း တစ်ပိဿာ ကျပ် ၇၀ ဈေးမြင့်လာခြင်းသည် ယခုနှစ်ပိုင်းတွင် ထူးခြားမှုဖြစ်သည်ဟု ဆီကုန်သည်တစ်ဦးက ဆိုသည်။

မေ ၆ ရက်တွင် မလေးရှား စားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ၈၂၀ ဒေါ်လာ၊ ပြည်တွင်းငွေလဲနှုန်း ၈၉၄ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ (အရင်းဈေး) ၁၄၃၂ ကျပ်ဖြစ်ပြီး မေ ၁၀ ရက်တွင် FOB တစ်တန် ၈၃၅ ဒေါ်လာ၊ ပြည်တွင်းငွေလဲနှုန်း ၉၀၄ ကျပ်ဖြင့် တစ်ပိဿာ (အရင်းဈေး) ၁၄၇၃ ကျပ် ဖြစ်လာကြောင်း သိရသည်။

မေ ၆ ရက် ပြည်တွင်း လက်ငင်းလက်ကားစားအုန်းဆီရောင်းဈေးမှာ ၁၄၀၃ ကျပ်ဖြစ်သော်လည်း မေ ၁၀ ရက်နေ့လယ်တွင် ကျပ် ၁၄၅၀၊ ညနေတွင် ၁၄၆၅ ကျပ်၊ မေ ၁၁ ရက်တွင် ၁၄၇၅ ကျပ်နှုန်းသို့ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ အမှန်တကယ် မုန်တိုင်းဝင်ရောက်မှုရှိပါက ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီသင်္ဘောများ ပြည်တွင်းသို့ ဆိုက်ကပ်ရန် အခက်အခဲများ ရှိနိုင်သည်ဆိုသော မှန်းဆချက်အရ ကုန်သည်အများစု စားအုန်းဆီ ဝယ်ယူမှုများလာသဖြင့် ဈေးတက်လာရခြင်းဖြစ်သည်ဟု အဝယ်တော်တစ်ဦးက ဆိုသည်။

ယခုကဲ့သို့ တစ်ပိဿာ ကျပ် ၇၀ ဈေးတက်သဖြင့် ဆီတစ်ပီပါလျှင် ကျပ် ၈၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ စားအုန်းဆီ ရောင်းဝယ်ရေးတွင် အရှုံးများနေရာမှ ရုံဖန်ရံခါ ဈေးမြင့်တက်မှုတွင် အကျိုးအမြတ် ရရှိတတ်ကြောင်း၊ မိုးရာသီတွင် လေမုန်တိုင်းနှင့် စားအုန်းဆီ သင်္ဘောဝင်ထွက်မှုကို ဆက်စပ်ပြီး ဈေးနှုန်းပြောင်းလဲတတ်သော ဖြစ်စဉ်များ ရှိတတ်ကြောင်း ဆီလောကမှ သိရသည်။

ယခင်နှစ် ၂၀၁၂ မေ ၁၁ ရက်တွင် စားအုန်းဆီ လက်ငင်းလက်ကား တစ်ပိဿာ ကျပ် ၁၉၆၀ နှုန်းထိ ဈေးမြင့်ခဲ့ကြောင်း သိရသည်။

**(မောင်စေအောင်)**

# လေပြင်းတိုက်၍ သစ်ပင်ပြိုလဲသဖြင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**ရမည်းသင်း မေ ၁၂**

ရမည်းသင်းမြို့နယ် အရှေ့တောင်ဘက် မိုင် ၂၀ ကျော်ခန့်အကွာ မိုးထိမိုးမိနယ်မြေ ရွှေ-ရွှေလီလုပ်ကွက်၌ မေ ၆ ရက် ညနေ ၃ နာရီခွဲတွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးတစ်ပင် အမြစ်မှကျွတ်ပြီး လျှိုအောက်တဲပေါ် ကျရောက်ခဲ့သဖြင့် တဲအတွင်းမှ လူနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာများ ရရှိခဲ့သည်။

မေ ၆ ရက် နံနက်ပိုင်းမှစပြီး မိုးသက်လေပြင်းကျကာ မိုးများရွာသွန်းခဲ့သဖြင့် ရွှေ-ရွှေလီလုပ်ကွက်ထိပ်ရှိ လုံးပတ် ၁ ပေ ၆ လက်မခန့်ရှိသော ကသစ်ပင်ကြီးမှာ အမြစ်မှ ကျွတ်ထွက်၍ လျှိုအောက်တဲပေါ် ကျရောက်ခဲ့မှုကြောင့် တဲအတွင်းရှိ မျိုးဆွေဝင်း(၃၆)နှစ် အင်းလုပ်သား သရက်ကန်အရှေ့ရွာ ဒီပဲယင်းမြို့နယ်နေသူနှင့် ကိုကြီးပွား(၄၃)နှစ် အင်းလုပ်သား သရက်ကန်အရှေ့ရွာ ဒီပဲယင်းမြို့နယ်နေသူတို့ ဒဏ်ရာများရရှိပြီး သေဆုံးသွားကြောင်း သိရသည်။

ထို့ပြင် လျှိုအောက်၌ ရှိနေသော မနန်းငုဝါအောင် (၂၀)နှစ် ဈေးရောင်းရှမ်းကျေးရွာ ရွှေကျင်မြို့နယ်နေသူနှင့် ဖြိုးဝေလင်း(၂၁)နှစ် အင်းလုပ်သား တောပေါက်ရွာ မိတ္ထီလာမြို့နယ်နေသူတို့မှာ ဒဏ်ရာများ ရရှိသွားသဖြင့် ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသလျက်ရှိကြောင်း သိရသည်။

**(၁၁၅)**

# မြိတ်မြို့၌ မုန်တိုင်းသတင်း အသိပေးကြေညာ

**မြိတ် မေ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကြီးမှူး၍ မြိတ်မြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများအား မေ ၁၂ ရက် နံနက် ၆ နာရီတွင် နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်သော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် မဟာစင် ဆိုင်ကလုန်း မုန်တိုင်းသတင်းကို ယနေ့ နံနက် ၁၁ နာရီတွင် မော်တော်ယာဉ်ဖြင့် အသိပေးကြေညာသည်။(ယာပုံ)

ထိုသို့ ကြေညာရာတွင် နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်သော မုန်တိုင်းသတင်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန် ကြေညာချက်များကို အသိပေးကြေညာပြီး မုန်တိုင်းအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(မြိတ်ခရိုင် ပြန်/ဆက်)**



သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့












ပျောက်ဆုံး

ကျွန်မ မသီရိမွန် ကိုင်ဆောင်သော passport No: M-020433 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၃၁၁၈၇၅၄

အမည်ပြောင်းခြင်း

ဦးသန်းမြင့်၏သမီး မသင်းလဲ့ရွှေရည် Grade-4(A), TTC ကို ယနေ့မှစ၍ မသင်းလဲ့ ရွှေရည်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

မသင်းလဲ့ရွှေရည်သန့်



# Transformers 4 ဇာတ်ကားသစ်တွင် ဆိုဖီယာမိုင်းလ်စ် ပါဝင်သရုပ်ဆောင်မည်လော....

တယ်လီဗေးရှင်းနှင့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆိုဖီယာမိုင်းလ်စ်က မာ့ခ်ဝဲလ်ဘတ်ခ်နှင့်အတူ Transformers 4 ဇာတ်ကားသစ်တွင် ပါဝင် သရုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Transformers 4 ဇာတ်ကား၏ ဖန်တီးရှင် ဒါရိုက်တာ မိုက်ကယ်ဘေးက Spooksဇာတ်ကားမှ သရုပ်ဆောင် ဆိုဖီယာအား Transformers 4 ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်စေလိုကြောင်းနှင့် ယခုလက်ရှိတွင် သူမအား အဓိကဇာတ်ပို့တစ်ဦးဖြစ်သည့် သိပ္ပံပညာရှင်အမျိုးသမီးတစ်ဦးနေရာတွင် ပါဝင်သရုပ်ဆောင်ရန် တစ်ပြေးနေသည်။

မကြာမီက ထွက်ပေါ်လာခဲ့သော ကောလာဟလများသာ အမှန်ဖြစ်ခဲ့ပါက အသက်(၃၃)နှစ်အရွယ်ရှိ မင်းသမီး ဆိုဖီယာသည် မာ့ခ်ဝဲလ်ဘတ်ခ်၊ ကယ်လ်ဆီဂရမ်မာ၊ နီကိုလာပတ်ဇ်နှင့် ဂျက်ရေးနော်တို့နှင့်အတူ အဆိုပါ ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။



ယင်းဇာတ်ကားသစ်တွင် မာ့ခ်ဝဲလ်ဘတ်က အဓိကသရုပ်ဆောင်အဖြစ် ပါဝင်မည်ဖြစ်ပြီး နီကိုလာပတ်ဇ်က မာ့ခ်၏သမီးအဖြစ် လည်းကောင်း၊ ဂျက်ရေးနော်က နီကိုလာ၏ ချစ်သူအဖြစ်လည်းကောင်း၊ ကယ်လ်ဆီက လူသားများအား ရန်လိုနေသော သူတစ်ဦးအဖြစ်လည်းကောင်း ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Transformers 4 ဇာတ်ကားအား ထုတ်လုပ်မည့် ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးက ယင်းဇာတ်ကားတွင် ဆိုဖီယာအား ရွေးချယ်ထားခြင်းနှင့် သူမ၏ ဇာတ်ရုပ်အတွက် မည်သည့် မှတ်ချက်မှ မပေးထားကြောင်းနှင့် Transformers 4 ဇာတ်ကားကို ၂၀၁၄ ခုနှစ် နွေရာသီတွင် စတင်ဖြန့်ချိပြသရန်စီစဉ်ထားကြောင်း သိရသည်။

# ဖက်ရှင်လမ်းကြောင်းပေါ် ရောက်ရှိလာသည့် တွမ်ခရုဇ်နှင့် ကေတီဟုမ်းတို့၏ သမီးငယ် ဆူရီခရုဇ်



ဟောလိဝုဒ်အကျော်အမော်နှစ်ဦးဖြစ်သည့် တွမ်ခရုဇ်နှင့် ကေတီဟုမ်းတို့၏ ရင်သွေးရတနာ အသက်(၇) နှစ်သာရှိသေးသည့် ဆူရီခရုဇ်သည် ဖက်ရှင်လမ်းကြောင်းကို စတင်သည့်အနေဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းတန် အဝတ်အစားဖက်ရှင်ဒီဇိုင်းကြော်ငြာတစ်ခုတွင် ပါဝင်မည်ဖြစ်သည်။ ဆူရီခရုဇ်၏ ကြော်ငြာဖြင့် ယင်းအထည်အမှတ်တံဆိပ်အောင်မြင်သွားပါက မြောက်အမေရိက စတိုးဆိုင်များသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။

ဆူရီသည် နယူးယောက်မြို့မှ အမျိုးသမီးငယ်များအတွက် အလှအပနှင့် ဖက်ရှင်ဆိုင်ရာ ကုန်ပစ္စည်းအမှတ်တံဆိပ်တစ်ခုကို ကြော်ငြာပေးရမည်ဖြစ်ပြီး ၎င်းကြော်ငြာတွင် အဝတ်အစား၊ ဂျင်းဘောင်းဘီနှင့် အင်္ကျီများ၊ ဖိနပ်များ၊ လက်ဝတ်ရတနာများ စသည်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မည်သို့ဆိုစေကာမူ အသက်(၇)နှစ်အရွယ် ဆူရီသည် တစ်ချိန်ချိန်တွင် သူမသည် ကိုယ်ပိုင်ဖက်ရှင်လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်သည့် ဟောလိဝုဒ်၏ အကောင်းဆုံးအဝတ်အစားဝတ်ဆင်တတ်သူ အနုပညာရှင်ကလေးငယ်တစ်ဦးဖြစ်လာမည်လားဆိုသည်ကိုတော့ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

# အမေရိကန်ကာတွန်းရုပ်သံလိုင်းတစ်ခု၏စီစဉ်မှုဖြင့် လက်ဝှေ့ချန်ပီယံမိုက်တိုင်စန်အားကာတွန်းဇာတ်ကောင်အဖြစ်မြင်တွေ့ရမည်

ဝါရင့်အမေရိကန်လက်ဝှေ့အကျော်အမော် မိုက်တိုင်စန်အား အမေရိကန်နိုင်ငံ Adult Swim ကာတွန်းရုပ်သံလိုင်း၏ သောကြာနေ့တိုင်း ထုတ်လွှင့်မည့် Mike Tyson Mysteries အမည်ရှိ ကာတွန်းဇာတ်လမ်းတွဲသစ်တွင် ကာတွန်းစုံထောက်တစ်ဦး၏အသံသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါရုပ်သံလိုင်းမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ကာတွန်းဇာတ်လမ်းတွဲတွင် မိုက်တိုင်စန်သည်ပြဿနာတစ်ခုကို ဟာသဆန်ဆန်ဖြေရှင်းတတ်သူ၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများအား အမြဲတစေ ကူညီပေးတတ်သူတစ်ဦးအနေဖြင့် မြင်တွေ့ရမည်ဖြစ်ကြောင်း Adult Swim ရုပ်သံလိုင်းက ပြောကြားခဲ့ သည်။ လက်ဝှေ့ချန်ပီယံ မိုက်တိုင်စန် ပါဝင်သရုပ်ဆောင်ထားသည့် ယင်းကာတွန်းဇာတ်လမ်းတွဲသစ်ကို လာမည့် ရာသီအစတွင် စတင်ပြသရန်စီစဉ်ထားပြီး ပြသမည့်ရက်စွဲအတိအကျကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ Adult Swim ရုပ်သံလိုင်း၏ ၂၀၁၃-၂၀၁၄ ရာသီတွင် ပြသရန်စီစဉ်ထားသည့် အခြားသောကာတွန်းဇာတ်လမ်းတွဲများအနေဖြင့် Robot Chicken DC Comics Special II ကာတွန်းဇာတ်လမ်းတွဲကို ပြသရန်စီစဉ်ထားကြောင်း သိရသည်။

# မက်ဒေါနားအား Top Touring Artist award ဆု ဂုဏ်ပြုပေးအပ်

တေးသံရှင် မက်ဒေါနားအား ယခုလအတွင်း ကျင်းပမည့် Billboard တေးဂီတဆုပေးပွဲတွင် ၂၀၁၂ ခုနှစ်အတွင်းကပြုလုပ်ခဲ့သည့် သူမ၏ MDNA ကမ္ဘာလှည့်ဂီတဖျော်ဖြေရေးခရီးစဉ်တွင် တစ်နှစ်တာဝင်ငွေအများဆုံး ဂီတဖျော်ဖြေပွဲအဖြစ် ဂုဏ်ပြုမည်ဖြစ်သည်။

မေ ၁၉ ရက်တွင် လတ်ဗီးဂတ်စ်မြို့ MGM Grand ၌ ကျင်းပမည့် အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် မက်ဒေါနား က ၂၀၁၂ ခုနှစ် MDNA ကမ္ဘာလှည့်ဂီတဖျော်ဖြေရေးခရီးစဉ်တွင် ဖျော်ဖြေပွဲပေါင်း ၈၈ ပွဲ၊ တက်ရောက်အားပေးသူပရိသတ်ပေါင်း ၂ ဒသမ ၂ သန်းနှင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀၅ သန်းရရှိခဲ့သည့်အတွက် Top Touring Artist award ဆုကို လက်ခံရယူမည်ဖြစ်သည်။

"မက်ဒေါနားဟာ အနုပညာလောကမှာ တကယ့်ကို အောင်မြင်တဲ့၊ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အနုပညာရှင်တစ်ဦးပါ။ နောက်ပြီး မကြာခင်က ကြေညာခဲ့တဲ့ Billboard's Top Money Maker of 2012 စာရင်းမှာလည်း ထိပ်ဆုံးက ပါနေပြန်ပါတယ်"ဟု Billboard မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် မက်ဒေါနားသည် မြောက်မြားစွာသော Billboard ဆုများကို ဆွတ်ခူးရယူခဲ့သူတစ်ဦးဖြစ်ကာ တစ်နှစ်တာလုံးအတွက် အကောင်းဆုံးတစ်ကိုယ်တော် အယ်လ်ဘမ်များစာရင်းတွင်လည်း ပါဝင်နိုင်ခဲ့သူတစ်ဦးဖြစ်သည်။



မက်ဒေါနား၏ MDNA ကမ္ဘာလှည့်ဂီတဖျော်ဖြေရေး ခရီးစဉ်များအနက်မှ ဖျော်ဖြေပွဲတစ်ပွဲကို တွေ့ရစဉ်။

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်












## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## သတင်းကြေညာချက်

နေပြည်တော် (၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ရက်)

၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ၂၇ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းတွဲများ လျှောက်လွှာလက်ခံခြင်းကို ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ ကျောက်စိမ်းတွဲများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများကို ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက်ထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေးမြို့တွင် အခြေပြုသည့် ကျောက်မျက်တူးဖော်ရေးဌာန၊ မန္တလေး(စခန်းရုံး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

## ပျောက်ဆုံးခြင်း

FISHERIES AND MARINE PRODUCTS 2000 LIMITED ၏ သွင်းကုန်လိုင်စင်အမှတ် ILV 12-13 2415 07/01/2013 မူရင်းစာရွက်သည် ၁၁-၅-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၁-၂၉၉၃၅၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်သန်း မန်နေးဂျင်းဒါရိုက်တာ(Dagon Win Win Co.,Ltd) ၏ သွင်းကုန်လိုင်စင်အမှတ် WQIL 3-12-13 1308(22/11/2012)မူရင်းသည်၉-၄-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁၁၄၃၆၀



## အမည်ပြောင်းခြင်း

မြန်မာနိုင်ငံကူးလက်မှတ် M 325831 ကိုင်ဆောင်သူ ကျွန်မချောအိအိသူ(ခ)Evelin အား ၂၈-၃-၂၀၁၃ ရက်မှစ၍ ချောအိအိသူ (ခ) Evelin Li ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အားကစား

# ၈၁ နှစ်တာကာလအတွင်း ပထမဆုံးအက်ဖ်အေဖလား ဗီဂန် ဆွတ်ခူး ဖလားလက်မဲ့ဖြစ်ခဲ့၍ မန်စီးတီးနည်းပြ မန်စီနီ ထုတ်ပယ်ခံရဖွယ်ရှိ




နည်းပြရောဘတ်တိုမာတီနက်ဇ် ကိုင်တွယ်လျက်ရှိသည့် ဗီဂန်အသင်းသည် ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိ မန်စီးတီးအသင်းနှင့် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်အဖြစ် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နာကျင်အချိန်ပိုတွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသော ဂိုးဖြင့်ပင် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဗီဂန်အသင်းသည် ဘန်ဝက်ဆန်၏ နောက်ဆုံးမိနစ်တွင် သွင်းယူခဲ့သည့်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဗီဂန်အသင်း၏ သမိုင်းကြောင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အက်ဖ်အေဖလားဗိုလ်လုပွဲသို့ တက်လာစဉ်တွင် ၈၁ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အက်ဖ်အေဖလားချန်ပီယံဘွဲ့ကို ရယူနိုင်ခဲ့သည်။



ဗီဂန်အသင်းသည် မန်စီးတီးနှင့် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ဆုံတွေ့ခဲ့ရာတွင်လည်း နှစ်ကျော့စလုံး ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားတွင် တန်းဆင်းဇုန်သို့ ကျရောက်နေသော်လည်း ပရီမီယာလိဂ်တွင် တင်ကျန်ရန် ရာနှုန်းများနေခဲ့ပြီဖြစ်သည်။

ဗီဂန်နည်းပြ မာတီနက်ဇ်သည် တန်းဆင်းရမည့် အန္တရာယ်ဇုန်အတွင်း ကျရောက်ခဲ့သော်လည်း ယခုနှစ်ရာသီတွင် ဖလားတစ်လုံးကို ကိုင်မြှောက်ခွင့်ရရှိခဲ့သည်။ သို့ရာတွင် ယခုနှစ်ရာသီတွင် မန်စီးတီးအတွက် ဖလားလက်မဲ့ဖြင့်သာ ရာသီကုန်စေခဲ့သည့် နည်းပြမန်စီနီ၏ အနာဂတ်မှာမူ ရင်လေးဖွယ်ဖြစ်နေခဲ့ရသည်။

ယင်းမှာ မန်စီးတီးအသင်းက ဗီဂန်အသင်းကို အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက နည်းပြမန်စီနီအား ရက်ပိုင်းအတွင်း ထုတ်ပယ်ဖွယ်ရှိနေသည်။

မန်စီးတီးအသင်းသည် ဖလားလက်မဲ့ ဖြစ်ရန်မသေချာခဲ့သည့်အချိန်ကတည်းက မန်စီနီကိုထုတ်ပယ်ကာ မာလာဂါအသင်းနည်းပြ ပယ်လီဂရီနီဖြင့် အစားထိုးရန် ရည်ရွယ်ထားသဖြင့် မန်စီနီအား သီတင်းနှစ်ပတ်အတွင်း ထုတ်ပယ်ဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်နေသည်။

မန်စီနီသည် မန်စီးတီးအသင်းအတွက် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက မြို့ခံပြိုင်ဘက်မန်ယူအသင်းကို ဂိုးကွာခြားချက်ဖြင့် အနိုင်ရရှိကာ ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ သို့ရာတွင် ယခုနှစ်တွင် ချန်ပီယံလိဂ်၌ အုပ်စုအဆင့်နှင့်ပင် ထွက်ခဲ့ရခြင်း၊ ကက်ပီတယ်ဝမ်းဖလား ပြိုင်ပွဲတွင် အက်စ်တွန်ဗီလာအသင်းကို ရှုံးနိမ့်ကာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲမှ ထွက်ခဲ့ရခြင်း၊ ပရီမီယာလိဂ်၏ ပထမအကျော့တွင် တန်းတက်ဆောက်သမ်တန်အသင်းကို ရှုံးနိမ့်ခဲ့ရသည်အထိ ရလဒ်ဆိုးရွားကာ ပြိုင်ဘက်မန်ယူအသင်းကို မကျော်နိုင်ဘဲ အမှတ်ပေးဇယား၏ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည့်အပြင် လက်ရှိအက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း အသင်းငယ်တစ်သင်းဖြစ်သည့် ဗီဂန်အသင်းကိုပင် ရှုံးနိမ့်ကာ ယခုနှစ်ဘောလုံးရာသီတွင် ဖလားလက်မဲ့ဖြစ်ခဲ့ရသည်။

ထို့ကြောင့် မန်စီးတီးအသင်းနှင့်အတူ သုံးနှစ်ခွဲကြာ လက်တွဲခဲ့သည့် နည်းပြမန်စီနီ၏ မန်စီးတီးအသင်း အနာဂတ်သည် ရက်ပိုင်းအတွင်း အဆုံးသတ်ဖွယ်ရှိနေကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

# ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်အတွက် သေချာခဲ့ပြီ

နိုင်လင်းကြည်

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၂၇)အဖြစ် အက်စ်တွန်ဗီလာအိမ်ကွင်း ဗီလာပါ့ခ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်၏ သွင်းဂိုးများနှင့်အတူ အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့ပြီး ရမှတ် ၇၂ မှတ်နှင့် အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိကာ လာမည့်ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာ သေချာခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အက်စ်တွန်ဗီလာအသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၁၄ မိနစ်တွင် အက်စ်တွန်ဗီလာကစားသမား ဘန်တီကီ၏ သွင်းဂိုးကို ခွင့်ပြုလိုက်ရသဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ပထမပိုင်းပွဲကစားချိန်၌ ရှုံးနိမ့်နေခဲ့သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းသည် အက်စ်တွန်ဗီလာ၏ အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဘန်တီကီ ၅၈ မိနစ်တွင် အနီကတ်ပြထုတ်ပယ်ခဲ့ချိန်မှသာ ဖိအားပေးကစားလာနိုင်ခဲ့သည်။

ချယ်လ်ဆီးသည်လည်း အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် ရာမီရက်စ် ပွဲကစားချိန် ၄၅ မိနစ်တွင် အနီကတ်ပြစ်ဒဏ် ကျခံခဲ့ရ၍ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

ချယ်လ်ဆီးအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့သည် အနီကတ်ပြစ်ဒဏ်များကြောင့် တစ်ဖက်တစ်ဦးစီလျော့ကာ ၁၀ ဦးတည်းဖြင့် ကစားခဲ့ကြရပြီး ဒုတိယပိုင်းတွင် အချိတ်အဆက်မိကာ အမှားအယွင်းမရှိအောင် ကြိုးစားကစားလာခဲ့သည့် ချယ်လ်ဆီးအသင်းအတွက် ပွဲကစားချိန် ၆၁ မိနစ်တွင် ကွင်းလယ်ကစားသမားလမ်းပတ်က ချေပဂိုးသွင်းယူပေးခဲ့သည်။

ထို့နောက် ပွဲကစားချိန် ၈၈ မိနစ်တွင် ဖရန့်လမ်းပတ်ကပင် ဒုတိယဂိုးထပ်မံသွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့ အိမ်ရှင်အက်စ်တွန်ဗီလာကို နှစ်ဂိုး-တစ်ဂိုး အနိုင်ရရှိထားခဲ့သည်။ ယင်းပွဲစဉ်တွင် ဖရန့်လမ်းပတ်သည် ချယ်လ်ဆီးအသင်းအတွက် ၎င်း၏ ၂၀၃ ဂိုးမြောက်သွင်းဂိုးအဖြစ် သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။



ချယ်လ်ဆီးအသင်းသည် ပထမအကျော့က အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်၌ ရှစ်ဂိုးပြတ်ဖြင့် ယခုနှစ် ပရီမီယာလိဂ်တွင် စံချိန်တစ်ရပ်တင်ကာ အက်စ်တွန်ဗီလာကို အနိုင်ယူခဲ့သည်။ ယခု ဒုတိယအကျော့တွင်လည်း ကွင်းလယ်လူလမ်းပတ်က နှစ်ဂိုးဆက်တိုက် သွင်းယူပေးခဲ့ပြီးနောက် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်း မရှိသောကြောင့် ချယ်လ်ဆီးအသင်းက အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိကာ တစ်နေရာအတွက် သေချာခဲ့ပြီလည်း လာမည့်နှစ်၏ ချန်ပီယံလိဂ်ဝင်ခွင့် ဖြစ်သည်။

KMD mobile
CDMA + GSM
Root လောက်စရာမလိုဘဲ မြန်မာစာ အသင့်ပါဝင်တဲ့ ဖုန်းပါ
E300
79,000/- 63,000/-
KMD mobile T-Shirt

တစ်ဦးတည်း ဖြစ်ကြောင်း
ကျွန်မ ဒေါ်ရီတာခင်မောင် မှတ်ပုံတင်အမှတ်-၁၂/ဒလန(နိုင်) ၀၁၇၈၇၀ ကိုင်ဆောင်သူသည် ဒေါ်ခင်ထားဖြူနှင့် တစ်ဦးတည်း ဖြစ်ပါကြောင်း။

မီး သတိပြု

## မော်လူး၌ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**မော်လူး မေ ၁၂**

မေ ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်အရ ခရိုင် ထ/နခေါင်းဆောင် ရဲအုပ်မျိုးခိုင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင် ထ/န အဖွဲ့မှ ဒုရဲအုပ်အောင်မျိုးထိုက်၊ တပ်ကြပ်ညီညီဝင်း၊ မော်လူးရဲစခန်းမှ ဒု-ရဲအုပ်မင်းသိန်းထွန်း၊ ဒုတပ်ကြပ် အောင်ကိုဝင်း၊ ရဲတပ်သားအောင်ကျော်သူတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေ ဦးဝင်းသိန်း၊ ဦးသံချောင်းတို့နှင့်အတူ သတင်းအရ အင်းတော်မြို့နယ် ကုန်းခါးကျေးရွာအုပ်စု ညောင်ပင်ဆိပ်ကျေးရွာ အရှေ့ဘက်လယ်ကွင်းအနီးတွင် စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသူ တစ်ဦးအား စစ်မေးရာ ထွက်ပြေးသွား၍ လမ်းမဘေးလယ်ကွင်းတွင် ဖမ်းဆီးရမိခဲ့ပြီး ညောင်ပင်ဆိပ်ကျေးရွာနေ ပေါက်စဖြစ်ကြောင်း သိရသည်။

၎င်းအား သက်သေများရှေ့တွင် ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ခဲပြားလိပ်တစ်လိပ်နှင့်အတူ လွယ်ထားသော ခါးပတ်အိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၁၃ ဒသမ ၆၈ ဂရမ်ခန့်ပါ အစိမ်းနုရောင် ဆပ်ပြာခွက်တစ်ခွက်၊ ဘိန်းဖြူ ဟုယူဆရသော အဖြူမှုန့်အလေးချိန် ငါးဂရမ်ခန့်ရှိ အနီရောင်အဖုံးပါ ပလတ်စတစ်အဖြူဘူး တစ်ဘူး၊ ဘိန်းဖြူဘူးဟုယူဆရသော အဖြူမှုန့်အလေးချိန် ခုနစ်ဂရမ်ခန့်ရှိ အစိမ်းရောင်အဖုံးပါ



ပလတ်စတစ်အဖြူဘူး တစ်ဘူး၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် သုံးဂရမ်ခန့်ပါ ပလတ်စတစ်စကိုကြက်ပေါင်ဖြင့် စည်း၍ ဖုံးထားသော ပလတ်စတစ်ဘူး တစ်ဘူး၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည်ဟု ယူဆရသော ပလတ်စတစ်ပိုက်ကောက်နှစ်ချောင်း၊ ကမ္ဘာလုံးတံဆိပ်ပါ ပလတ်စတစ်အပြာဖြင့် ထည့်ထားသော WY စာတန်းပါ အနီရောင်စိတ်ကြွဆေးပြား ၃၅ ပြား၊ ငွေစက္ကူရောရာ ၃၅၀၀၀၊ Cheng F တံဆိပ်ပါ မြင်းချေးရောင် ခါးပတ်အိတ်တစ်လုံးတို့အား ဖမ်းဆီးရမိခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါအမှုနှင့် ပတ်သက်၍ ပေါက်စ (၃၅)နှစ် ညောင်ပင်ဆိပ်ကျေးရွာ ကုန်းခါးအုပ်စု အင်းတော်မြို့နေသူအား မော်လူးရဲစခန်းက မယ (ပ) ၁၁/၁၃၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က) ၂၀(က) ဖြင့် အရေးယူထားကြောင်း သိရသည်။ **(နီတိုး)**

## ဘားအံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ဘားအံ မေ ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု ကူးဆိပ်ရပ်ကွက်တွင် မေ ၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်ရာသို့ မြိုင်ကလေး ရဲစခန်းမှ ခေတ္တစခန်းမှူး တပ်ကြပ်ကြီး အောင်မြင့်ဦး၊ လှာကာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစောကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တန် ၉၀၀ ဘီလပ်မြေစက်ရုံမှ မီးသတ်ယာဉ်တစ်စီး၊ ကျေးရွာမှရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ အချိန်မီ မီးငြိမ်းသွားကြောင်း သိရသည်။

အခင်းဖြစ်စဉ်အား စစ်ဆေးရာ ဦးကျော်ဦး (ကျပန်း) ကူးဆိပ်ရပ်ကွက် လှာကာကျေးရွာနေသူ နေအိမ်မှ မီးစတင်လောင်ခဲ့ပြီး ၎င်းနေအိမ်မှ တစ်ဆင့် ဘေးချင်းကပ် ဒေါ်သင်းကြိုင်၏ နေအိမ်အား ထပ်မံမီးစွဲလောင်ကျွမ်းခဲ့ကြောင်း၊ အိမ်ရှင်ဦးကျော်ဦးသည် နေအိမ်မီးဖိုချောင်၌ ထမင်းဟင်းချက်ပြုတ်ပြီး မီးဖိုမှမီးအား ငြိမ်းသတ်မှုမရှိဘဲ အလုပ်သွားရောက်လုပ်ကိုင်နေစဉ် အိမ်၏ နောက်ဖေး မီးဖိုချောင်မှစတင် လောင်ကျွမ်းခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပြီး မီးလောင်မှုဖြစ်ပွားသည့် နေအိမ်များမှာ ၁၀ ပေ ပတ်လည် ဖက်မိုးထရံကာ တဲအိမ်များဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ရှင် ဦးကျော်ဦးအား ဥပဒေအရ ဘားအံရဲစခန်းက (ပ) ၁၂၅/၂၀၁၃၊ ပြစ်မှုပုဒ်မ (၂၈၅) ဖြင့် အမှုဖွင့်ထားရှိပြီး အမှုစစ်ဒုရဲအုပ် သက်စိုးဦးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ထွန်းထွန်းထွေး -ဘားအံ)**

## တာမွေမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ရန်ကုန် မေ ၁၂**

မေ ၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် တာမွေမြို့နယ် တာမွေလေး ရပ်ကွက် စူပါဝမ်းကုန်တိုက်ရှေ့ လမ်းပေါ်၌ ရဲအုပ်လှရွှေနှင့် ရက (အနောက်) မူးယစ်အထူးအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ပုဇွန်တောင်မြို့နယ်နေ သန်းသန်းဝင်း (၅၀)နှစ်နှင့် ဒဂုံတောင်မြို့နယ်နေ သီဟအောင် (၂၇)နှစ်တို့အား ရှာဖွေရာ သန်းသန်းဝင်းလွယ်ထားသည့်လက်ဆွဲအိတ်အတွင်းမှ WY လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀ ၄၈ ဂရမ်တန်ဖိုး ၂၄၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံး၊ သီဟအောင်လွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ WY လိမ္မော်ရောင် ဆေးပြား ၁၈ ပြား ၁၈ ဂရမ် တန်ဖိုး ၉၀၀၀၀၊ 88 စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား ၁၀ ဂရမ် တန်ဖိုး ၅၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ သန်းသန်းဝင်း၏ နေအိမ်သို့ ရှာဖွေရာ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ ဆေးပြား ၁၁၀ ၁၁ ဂရမ်တန်ဖိုး ၅၅၀၀၀၀၊ 88 စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ၁၈ ဂရမ် တန်ဖိုး ၉၀၀၀၀၀ တို့အား တွေ့ရှိပြီး စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၉၈ ပြား အလေးချိန် ၇၉ ဒသမ ရှစ်ဂရမ် တန်ဖိုး ၃၉၉၀၀၀၀ အားတွေ့ရှိ သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား အရေးယူပေးရန် ရဲအုပ်လှရွှေက တိုင်တန်းသဖြင့် တာမွေရဲစခန်းက မယ(ပ) ၈/၁၃၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က) ၂၁ ဖြင့် မေ ၈ ရက်တွင် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၃၁)**

## ဇနီးအားသတ်သည့်ခင်ပွန်း ထောင်ဒဏ်ရှစ်နှစ်ချမှတ်

**ကလေး မေ ၁၂**

မေ ၇ ရက်က ဇနီးနှင့် စိတ်အခန့်မသင့်ဖြစ်ပြီး စကားများရာမှ ဇနီးဖြစ်သူအား ဓားဖြင့်ထိုး၍ သေဆုံးသွားသဖြင့် ခင်ပွန်းဖြစ်သူကို ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာတွင် လူသတ်မှုဖြစ်ပွားကြောင်း သိရသဖြင့် ကလေးရဲစခန်းမှ စခန်းမှူးနှင့် နယ်ထိန်းရဲတပ်ဖွဲ့များသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က သွားရောက်စစ်ဆေးခဲ့ရာ ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာနေ မတင်ဇာဝင်း(ခ) ဝင်းဝင်းအောင် (၂၄)နှစ်နှင့် ခင်ပွန်းဖြစ်သူ ထွန်းနိုင်စိုး(၂၄)နှစ်တို့လင်မယားမှာ စိတ်အခန့်မသင့်ဖြစ်ကြပြီး စကားများရန်ဖြစ်ကြရာမှ ခင်ပွန်းဖြစ်သူက ဇနီးအား ဓားဖြင့်ထိုး၍ ရင်ဘတ်နှင့် ဝမ်းဗိုက်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ပြစ်မှုကျူးလွန်သူ ထွန်းနိုင်စိုးအား ကလေးရဲစခန်းမှ (ပ)၅၁၇/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ပြီး စခန်းမှူးက အမှုစစ်တာဝန်ယူ၍ စစ်ဆေးဆောင်ရွက်ကာ ကလေးခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ပြီး ရာကြီးမှုအမှတ် ၃/၂၀၁၃ ဖြင့် ကြားနာစစ်ဆေးခဲ့သည်။ ပြစ်မှုထင်ရှားသဖြင့် ထွန်းနိုင်စိုးအား ပြစ်မှုပုဒ်မ ၃၀၂(ပ)အရ အလုပ်နှင့်ထောင်ဒဏ် ရှစ်နှစ်ကျခံစေရန် မေ ၇ ရက်က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ **(ကြယ်စင်သိန်း-ပဲခူး)**

## အကျဉ်းထောင်အတွင်း သွတ်သွင်းမည့် ဘိန်းဆီခဲများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်လေးလုံးအကျဉ်းထောင်တွင် မေ ၄ ရက်က ဘိန်းဆီခဲများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် ညနေ ၆ နာရီခွဲခန့်က အကျဉ်းထောင်ဒု-ကြီးကြပ်ရေးမှူး ကောင်းညွန့်စံက အကျဉ်းထောင်ရှိ အကျဉ်းသားများအား ပြင်ပအလုပ်ချိန်ပြီး၍ ထောင်အတွင်းပြန်လည်ဝင်ရောက်ချိန်တွင် တောင်ကြီးခရိုင်တရားရုံး ရာကြီးအမှုအမှတ် ၄၀/၂၀၁၁၊ အပက(၃)ဖြင့် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အောင်မြင့်(ခ)အားချန်အား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ ဘိန်းဆီခဲ ၆ ဒသမ ၁၂ဂရမ်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ရွှေညောင်ရဲစခန်းက မယ (ပ) ၃/၂၀၁၃ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(မင်းမင်းဇော်-ကလေး)**







### မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးရဲစိန်)-ဒေါ်ခင်မေစန်းတို့၏ သား၊
ဗိုလ်ကြီးစိုးမြင့်ဆောင်-မကေသီမျိုးခိုင်တို့၏ မောင်

**မောင်အောင်ဘိုဘို B.C.Sc (D.S.A)**
**လက်ထောက်ညွှန်ကြားရေးမှူး၊ သမ္မတရုံးဝန်ကြီးဌာန(၆)**

နှင့်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးစိုးအောင်[ဒုတိယအင်ဂျင်နီယာချုပ်(အဆောက်အအုံ)၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]-(ဒေါ်ဝင်းကြည်)တို့၏ သမီး၊
ဗိုလ်ကြီးဝေဖြိုးထွန်း-မမေသန္တာလင်းတို့၏ ညီမ၊ မဝင်းထက်ထက်အောင်၏ အစ်မ

**မမေသန္တာဝင်း B.Econ (Hons.), M.Econ (Economics)**
**ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

တို့၏ ၁၁-၅-၂၀၁၃ ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ရုံး ညွှန်ကြားရေးမှူး ဒေါ်အေးအေးသိန်းအားလည်းကောင်း၊ ၁၂-၅-၂၀၁၃ ရက်နေ့တွင် သင်္ဂဟဟိုတယ် Grand Ball Room ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဆက်သွယ်ရေး၊သတင်းအချက် အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဇနီး ဒေါ်ရီရီဝင်းအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက် ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဇနီး ဒေါ်ခင်သွယ်သွယ်မြင့်၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေး ဒေါ်စံပယ်၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဧည့်ခံပေးပါသော မြန်မာ့အသံတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မဆွေသက်ဟန်အားလည်းကောင်း၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မအေမီစန်းနှင့် မအိမ့်သီရိနိုင်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးရဲကျော်စွာ၊ ဗိုလ်ကြီးကျော်ခိုင်လင်း၊ မင်္ဂလာသတို့သမီးအရံ မခင်နန္ဒာလွင်၊ မတင်ဇာဝေတို့အားလည်းကောင်း၊ မိတ်ကပ်ပြင်ဆင်ပေးပါသော ဘိုဘိုနီ(မိုးကုတ်)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Studio 9 နှင့် မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော ဒီဇိုင်နာမျိုးမင်းစိုး၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ သင်္ဂဟဟိုတယ်မှ ဒေါ်စောသုဝေ၊ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဘိုဘို-မမေသန္တာဝင်း

### မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းနေ
ဦးဇေယျကိုကို(Ko Ko World Trading Co.,Ltd.)-ဒေါ်သက်သက်ရှိန် တို့၏ သား

**မောင်ဝဏ္ဏကိုကို B.A(Myanmar)** နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခလုံးချင်းအိမ်ရာနေ
ဦးညီညီဟန်(President Shinn Htet Kyaw Trading and Industry Co.,Ltd.)-
ဒေါ်မေကြည်ဦး(Director Shinn Htet Kyaw Trading and Industry Co.,Ltd.)တို့၏ သမီး

**မဆုမြတ်နိုးဟန် B.A(English)**
**(Director Shinn Htet Kyaw Trading and Industry Co.,Ltd.)**

တို့၏

၈-၃-၂၀၁၃ရက်(သောကြာနေ့)တွင် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၁၁-၅-၂၀၁၃ရက်တွင် (Traders Hotel Myanmar Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်နှင့် ဇနီး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် ဇနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့် ဇနီး၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာဆောင်လျှောက်လမ်းတွင် ရှေ့မှလျှောက်လှမ်းပေးပါသော မောင်ရှင်းထက်အောင်နှင့် မဆုလဲ့ပိုင်၊ မင်္ဂလာပန်းကြဲပေးပါသော မသဥ္ဇာသိန်းလှိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မပိုးအိဖြူစင်နှင့် မဖွေးနုမိုး၊ မင်္ဂလာ သတို့သားအရံများ မောင်ဟန်စောဦး၊ မောင်ရွှေကမ္ဘာဟန်၊ မင်္ဂလာသတို့သမီးအရံ Angel၊ မအေးချမ်းမိုး၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော မဟေမာနေဝင်းနှင့် Plus 3 Music Band၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော စကြာရွှေရည် (Gem & Jewellery)၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော ထက်ထက်နှင့် စိုးစိုးအဖွဲ့၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော ဒီဇိုင်နာ မနှင်းလွန်းအိမ်(ရွှေရုပ်လွှာ)၊ ဓာတ်ပုံနှင့် ဗွီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုအောင် Flash (Memo)နှင့် 7 Picture Up Photo Studio အဖွဲ့များအားလည်းကောင်း၊ My Graden ၌ ကျင်းပသော မင်္ဂလာညစာစားပွဲနှင့် မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးဥပကာရ လှိုက်လှိုက်လှဲလှဲတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝဏ္ဏကိုကို-မဆုမြတ်နိုးဟန်

## နွားအညစ်အကြေးမှ သဘာဝဓာတ်မြေဩဇာထုတ်လုပ်

**မြင်းမူ မေ ၁၂**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်စားသောက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းသော စပ်ကူးမပ်ကူး ကာလတွင် ထွန်ယက်စိုက်ပျိုးရန်အတွက် ကျွဲ၊ နွားများကို အားကိုးအားထားပြုနေရဆဲပင်ဖြစ်ပါသည်။ ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့လယ်ယာလုပ်ငန်းခွင်တွင် ထွန်ယက်စိုက်ပျိုးရန်အတွက် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများကို ပူးတွဲလုပ်ကိုင်လျက်ရှိပါသည်။

ထိုသို့ ကျွဲ၊ နွားများ မွေးမြူခြင်းမှ ၎င်းတို့စွန့်ပစ်သော အညစ်အကြေးတို့ကို စနစ်တကျ အသုံးပြုတတ်ပါက များစွာအကျိုးကျေးဇူးဖြစ်ထွန်းကာ ငွေကုန်ကြေးကျလည်း နည်းပါးမည်ဖြစ်ပါသည်။ ကျွဲ၊ နွား အညစ်အကြေးမှ သဘာဝမြေဩဇာ ထုတ်လုပ်ပုံ အဆင့်ဆင့်အနေဖြင့် ကျွဲ၊ နွားများထားရှိရာ တင်းကုပ်တွင် လိပ်ကျောကုန်းသဖွယ် အလယ်မြင့်ပြီး ဘေးပတ်ပတ်လည်နိမ့်ဆင်းသွားကာ အဖျားတွင် ရေမြောင်းဖောက်ပြီး တစ်ဖက်ထိပ်၌ မြေအိုးတစ်လုံးမြှုပ်၍ ကျွဲ၊ နွားတို့၏ သေးများကို ခံယူထားရမည်ဖြစ်ပါသည်။ ထို့နောက် အကျယ် ၁၀ ပေပတ်လည်၊ အနက်ငါးပေရှိ မြေကျင်းတူးပြီး ကောက်ရိုးတစ်ထပ်၊ နွားချေးတစ်ထပ် အပြန်ပြန် အလှန်လှန်ထပ်ထားပြီး နွားသေးများဖျန်းပေးရမည်ဖြစ်ပါသည်။ သုံးလခန့်ကြာသောအခါ နွားချေးနှင့် ကောက်ရိုးကို ပေါက်ပြား/ဂေါ်ပြားဖြင့် သမအောင်မွှေပေးရပါသည်။ သုံးလတစ်ကြိမ် နွားချေးနှင့် ကောက်ရိုးကို သမအောင်မွှေပေးရပြီး တစ်နှစ်ခန့်ကြာသောအခါ ကောက်ရိုးနှင့် နွားချေးသည် ဆွေးမြည့်ပြီး အဆင်သင့် သုံးစွဲရန်ကောင်းမွန်သော သဘာဝမြေဩဇာများရရှိပါသည်။ သို့ဖြစ်ပါ၍ ကျွဲ၊ နွားတို့၏ အညစ်အကြေးများကို အရမ်းမဲ့စွန့်ပစ်ခြင်းမပြုဘဲ သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်သုံးစွဲနိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။

**(သန်းမြင့်)**



## အင်းတော်မြို့ ရေပေးဝေနိုင်ရေးအတွက် ချောင်းမြီးတို စိမ့်စမ်းရေထွက်တွင် လုပ်ငန်းစတင်

**အင်းတော် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့အတွင်း ရေပေးဝေနိုင်ရေးအတွက် ကံ့ကော်တောင်တန်းရှိ ချောင်းမြီးတိုစိမ့်စမ်းရေထွက်မှ ရေသွယ်ယူနိုင်ရေးအတွက် လုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

"အခုအချိန် မိုးမကျခင်လေး တမံပိတ်ထားနိုင်မှဖြစ်မယ်။ ဒါမှ တခြားကျန်တဲ့ ပိုက်သွယ်တာတွေ၊ ရေစစ်ကန်လုပ်တာတွေ၊ ရေစုရေလှောင်ကန်ဆောက်တာတွေကို ဆက်ပြီးလုပ်နိုင်မယ်၊ အခုကျွန်တော်တို့ ရေသွယ်မယ့်နေရာကို တမံစပိတ်နေပါပြီ၊ အခု ရေသွယ်ပိုက်ကို တပ်ပြီး ကျောက်ကြီး၊ ကျောက်သေး၊ သဲတွေနဲ့ အဆင့်ဆင့်ပြန်လုပ်ရမယ်။ နောက်နှစ်ရက်၊ သုံးရက်လောက်ဆိုရင် တမံကနေထွက်မယ့် ရေပိုက်လုပ်ငန်းပြီးတော့မယ်လေ"ဟု အဆိုပါ ရေပေးဝေရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပြင်ပ ပညာရှင်တစ်ဦးက ပြောပြခဲ့သည်။

"ရန်ပုံငွေ အင်အားတောင့်တင်းရင်တော့ မြန်မြန်ပြီးသွားမှာပါ။ ရန်ပုံငွေအင်အားက နည်းနေတယ်လေ။ ဒီလုပ်ငန်းအပြင် တခြားလုပ်ငန်းတွေရောဆက်တိုက်လိုဖြစ်သွားတော့ ရန်ပုံငွေက နည်းသွားတယ်၊ အလှူရှင်ကလည်း မရှိသေးဘူးလေ။ မြို့မိမြို့ဖမှာရှိတဲ့ ရန်ပုံငွေနဲ့ အရင်စလုပ်ရတာဆိုတော့ လုပ်ငန်းက နှေးနေတယ်။ အလှူရှင်တွေပေါ်လာရင်တော့ ပိုကောင်းတာပေ့ါ"ဟု အဆိုပါ ရေပေးဝေရေးလုပ်ငန်းလုပ်ကိုင်နေသူ မြို့မိမြို့ဖတစ်ဦးက ပြောပြခဲ့သည်။

အင်းတော်မြို့နယ်အနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါရေပေးဝေရေးလုပ်ငန်းကို အထောက်အကူပြုသည့်အနေဖြင့် ယခု ကံ့ကော်တောင်တန်းမှ ချောင်းမြီးတိုစိမ့်စမ်းရေထွက်အား တိုးချဲ့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**သော်တာဆွေ (မြန်မာစာ)**

## စဥ့်ကိုင်မြို့နယ်တွင် ကျေးလက်ဒေသဝင်ငွေတိုးရေး စာရင်းမှတ်စနစ်ဖြင့် ဝက်ဖြန့်ဖြူးပေး

**စဥ့်ကိုင် မေ ၁၂**

ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့နည်းရေးလုပ်ငန်းစဥ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကျေးလက်ဒေသတစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက် စဥ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ဝန်ကြီးဌာန၏ အစီအမံများဖြင့် ကျေးလက်ဒေသပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရန် စာရင်းမှတ်စနစ်ဖြင့် သားခွဲဝက်ငယ်များကို ဖြန့်ဖြူးပေးလျက်ရှိရာ မေ ၉ ရက်တွင် ဝန်သိုကျေးရွာ၌ ဝက်မွေးမြူသူ ၂၃ ဦးအား ဝက်ကောင်ရေ ၇၈ ကောင်အား ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထို့အပြင် မေထုန်မဲ့သားစပ်ခြင်းကို အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း၊ ကာကွယ်ဆေးများ ပုံမှန်ထိုးနှံရေးနှင့် တိရစ္ဆာန်အာဟာရဗေဒဆိုင်ရာ သိကောင်းစရာများကို မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူး ဒေါက်တာအောင်နိုင်စိုးနှင့် စဥ့်ကိုင်မြို့နယ်ဦးစီးမှူး ဒေါက်တာ ဒေါ်အေးကြည်တို့က ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ထွန်းထွန်းနိုင်)**



## မြေပဲအထွက်ကောင်းသော်လည်း ဝယ်လက်အေး ပဲဆီဈေးနှုန်းများ တည်ငြိမ်

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီးနှင့် ဝန်းကျင်ဒေသများတွင် မြေပဲအထွက်နှုန်းကောင်းပြီး တရုတ်နိုင်ငံမှ ဝယ်ယူမှုနည်းပါးခြင်းကြောင့် စားသုံးဆီဈေးနှုန်းများ တည်ငြိမ်နေသည်။ ယခင်နှစ်က မြေပဲဆန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပြုခဲ့သောကြောင့် ဝယ်လိုအားမြင့်တက်ကာ မန္တလေး ကုန်စည်ဒိုင်၌ မြေပဲဆန်ဈေး စံချိန်တင်မြင့်မားခဲ့သည်။ ယခုနှစ်တွင် မြေပဲဆန်ဈေးကောင်းမည်ဟု မျှော်လင့်ရပြီး တောင်သူများအနေဖြင့် မြေပဲများ ပိုမိုစိုက်ပျိုးခဲ့မှုကြောင့် ဈေးနှုန်းတည်ငြိမ်သည်။ မန္တလေးဈေးကွက်တွင် မြေပဲဆန်တစ်ပိဿာ ငွေကျပ် ၁၇၀၀ ရှိသည်။ မြေပဲဆီဈေးနှုန်းမှာ လက်ကားဈေး တစ်ပိဿာ ငွေကျပ် ၃၈၀၀ နှင့် လက်လီဈေး တစ်ပိဿာ ငွေကျပ် ၄၀၀၀ ခန့် ရှိကြောင်း သိရသည်။

**(သီဟကိုကို)**

**မီးသုံးစွဲလျှင် သတိယှဥ် အစဥ်သတိအမြဲရှိ**

### ကန့်ကွက်နိုင်ပါသည်

ယာဥ်အမှတ် ၄ယ/၅၄၃၈၆ Gaobo 110, M/C ယာဥ်လက်ဝယ်ရှိသူအမည် ဦးအောင်ထန်း မှတ်ပုံတင်အမှတ် [၄/မတန(နိုင်)၀၁၉၈၀၉] မှ ယာဥ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဥ်အမှတ် ယ/၉၀၉၂၆ အမျိုးအမည် Honda C 90 Custom CMR အမျိုးအစား m/cယာဥ်လက်ဝယ်ရှိသူအမည် ဦးသန်းထိုက်ဦး မှတ်ပုံတင်အမှတ် [၉/မလန(နိုင်)၁၀၃၇၂၇] မှ ယာဥ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဥ်အမှတ် ၁၃ယ/၁၃၈၀ Honda Air Blade 110 m/c ယာဥ်လက်ဝယ်ရှိသူအမည် ဦးလောစီ(ခ)သိန်းအောင် မှတ်ပုံတင်အမှတ် [၁၃/နခန(ဧည့်)၀၀၀၁၁၅]မှ ယာဥ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အတွေးအရေး

**ပေါက်ပေါက်**

### ဒါနမြောက်ခဲ့ပါတယ်...

နံနက်တိုင်း ကားကြုံလိုက်စီးနေကျ အမကြီးခရီးသွားလို့ ဒီနေ့တော့ ရုံးနောက်မကျရလေအောင် ကျွန်မတစ်ယောက်တည်း ဘတ်စ်ကားဂိတ်ကို အိမ်ကနေ စောစောထွက်လာခဲ့ပါတယ်။ လမ်းတွေပိတ်လို့ ထင်ပါရဲ့၊ နေပူပူမှာ ထီးဆောင်းပြီး ၁၅ မိနစ်ခန့်ကြာတော့မှ ကျွန်မစီးရမယ့် ကားရောက်လို့ လာခဲ့ပါပြီ။

ဝမ်းသာအားရနဲ့ ထီးပိတ်ပြီးကားပေါ်တက်မယ်အလုပ် မျက်နှာချင်းဆိုင် တစ်ဖက်ကားလမ်းဘေးမှာ ဒုက္ခိတခွေးတစ်ကောင် ဒယဥ့်ဆွဲပြီး ခက်ခက်ခဲခဲသွားနေတာကို မြင်လိုက်ရတော့ စိတ်မကောင်းလွန်းလို့ မျက်ရည်တောင် လည်မိပါတယ်။ သူ့ခမျာ တိရစ္ဆာန်ဖြစ်ရတဲ့အထဲ အတိတ်ကံဝဋ်ကြွေးကြောင့် ကားတိုက်ခံရတယ်ထင်ပါရဲ့၊ နောက်ခြေထောက် နှစ်ချောင်းစလုံး ကျိုးကြေလို့နေရှာတယ်။ ဒါနဲ့ ကျွန်မကားပေါ်မတက်တော့ဘဲ တစ်ဖက်ကားလမ်းကို အမြန်ပြေးကူးပြီး ပါလာသမျှ ထမင်းဟင်းတွေ ချကျွေးခဲ့ပါတယ်။ ခွေးလေးက ကျွန်မကိုစိမ်းနေလို့ အမြီးလေးကုပ်ပြီး ကြည့်နေတာကြောင့် သူသတ္တိရှိသွားအောင် အို့...အို့ လာ...လာ...လာ လို့ ချော့ခေါ်ခဲ့ရတယ်လေသူအနားရောက်လာတော့ ကျွန်မကိုကြောက်ပြီး မစားရဲမှာစိုးလို့ ကျွန်မက အနောက်ကို အသာဆုတ်ပြီး နေပေးခဲ့ရပါတယ်။ တခြားလမ်းဘေးခွေးတွေအနားရောက်လာပြီး သူ့ကိုရန်ရှာမှာစိုးလို့ ကျွန်မက ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်တော့ တခြားဘယ်ခွေးမှ မရှိတာနဲ့ ခွေးလေးအတွက် စိတ်ချရပြီဆိုပြီး ရင်အေးသွားမိတာပေ့ါရှင်။

ဘတ်စ်ကားစီးဖို့ တစ်ဖက်ကားလမ်းကို ကျွန်မပြန်ပြေးကူးလာခဲ့တော့ စောစောကဘတ်စ်ကား ထွက်သွားပြီလေ။ ဒီတော့ နောက်လာမယ့်ကားတစ်စီးကို နောက်တစ်ကြိမ် ၁၅ မိနစ်လောက် ထပ်စောင့်ခဲ့ရတာပေ့ါ။ ကျွန်မ အလှူဒါနမမြောက်ခဲ့ပါဘူးရှင်။ ခွေးလေးက ထမင်းဟင်းတွေကို နှစ်ခါ၊ သုံးခါ ပတ်နမ်းပြီး လုံးဝမစားဘဲ လှည့်ထွက်သွားပါတယ်။ ကျွန်မ ဘတ်စ်ကားလွတ်သွားလို့ ရုံးနောက်ကျခဲ့ပါတယ်။ ဒါနမမြောက်ခဲ့တဲ့ အလှူအတွက် ရုံးမှာ နေ့လယ်စာ အဆာပြေတစ်ခုခုဝယ်စားရပါဦးမယ်။ ဒါပေမယ့် ကျွန်မ ဒီနေ့ ဗဟုသုတ တစ်ခုရလိုက်ပါတယ်။ ပုန်းရည်ကြီးနဲ့ ရောချက်ထားတဲ့ ဝက်သားဟင်းကို ခွေးတွေက မကြိုက်ကြဘူးနော်။

ခွေးလေးက ထမင်းတွေစားမသွားလို့ ရုံးရောက်တဲ့အထိ ကျွန်မစိတ်ထဲမှာ တနုံ့နုံ့နဲ့ စိတ်မကောင်းဖြစ်ရပါတယ်။ ဒါပေမယ့် ကျွန်မအတွေးတစ်ခုကြောင့် စိတ်သက်သာရာရခဲ့ပါတယ်။ ခွေးလေးမစားပေမယ့် လမ်းပေါ်က ထမင်းဟင်းတွေကို ငှက်၊ ကျီး၊ ကြွက်နဲ့ ပုရွက်ဆိတ်လေးတွေ စားသောက်ပြီး အာဟာရဖြစ်ကြမှာပါ။ ဒါဆို "ကျွန်မ ဒီနေ့ ဒါနမြောက်ခဲ့ပါတယ်"နော်။

## အထက(၂)နေပြည်တော် မူလတန်းပညာရေး အခမဲ့စနစ် ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၁၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်ခြင်းကို မေ ၂၃ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း လက်ခံသွားမည်ဖြစ်သည်။

မူလတန်းအဆင့်ကို အခမဲ့စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ကျောင်းအပ်ခြင်းအတွက် ငွေကြေးလုံးဝပေးသွင်းရန်မလိုဘဲ မူလတန်းဖတ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် ငွေကျပ် ၁၀၀၀တို့ကို မူလတန်းကျောင်းသားတိုင်းအား ကျောင်းမှထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများ တစ်ဦးချင်းပေးသွင်းရမည့် ကျောင်းဝင်ကြေးနှင့် စာအုပ်ဖိုးများကိုလည်း သတ်မှတ်နှုန်းများအတိုင်းသာ ကောက်ခံမည်ဖြစ်သည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အဖြစ် ဇွန် ၃ရက်တွင် ကျောင်းများ စတင်ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**(တင်ထွန်းအောင်)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြင်ဦးလွင်မြို့နယ်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈

| | | |
|---|---|---|
| ဒေါ်ခင်စိန် | နှင့် | ဒေါ်လှခင် |
| **တရားလို** | | **တရားပြိုင်** |

ပြင်ဦးလွင်မြို့၊ အမှတ်(၂၈)၊ ဇေယျာလမ်း၊ ၁၂-ညံ့တောနေ ဒေါ်လှခင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ မေလ ၂၂ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ မေလ ၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ကြည်စိုး**
**မြို့နယ်တရားသူကြီး**
**မြို့နယ်တရားရုံး၊ ပြင်ဦးလွင်မြို့**

# ကမ္ဘာ့အကြီးဆုံးထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတည်ဆောက်နေ

**သတင်းနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်**

ဗုဒ္ဓဘာသာဝင်တို့၏ အနှိုင်းမဲ့ကျေးဇူးရှင်မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓ၏ သာသနာတော်သည် တိုင်းပြည်နှင့် လူမျိုးအတွက် သမိုင်းဝင်ကျန်ရစ်အောင် ဉာဏ်တော်အမြင့်ပေ ၁၈၀ ပြည့်ရှိ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို ခတ်ရခတ်ယူ သာသနာ့နယ်မြေ၌ ဝင်းစိန်တောရ သက်တော်ရှည်ဆရာတော်ကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရမထေရ်မြတ်၏ ညွှန်ကြားမှုဖြင့် ဆရာတော်ကြီး၏ တပည့်သံဃာပုံတူ ပန်းပု ဆရာအရှင်ခေမာက တာဝန်ယူတည်ဆောက်လျက်ရှိသည်။**(ယာပုံ)**

ကမ္ဘာ့အကြီးဆုံး "ဗုဒ္ဓသာသနာ" ထိုင်တော်မူ ဗုဒ္ဓမြတ်စွာဘုရားကြီး တည်ရှိရာဒေသသည် မွန်ပြည်နယ် မော်လမြိုင်-သံဖြူဇရပ်ကားလမ်း မိုင်တိုင်အမှတ်-၂၅ ရှိ မုဒုံမြို့နယ် လက်တက်ရွာဦးထိပ်ရှိ သာသနာ့နယ်မြေ ၈ ဒသမ ၉၄ ဧကတွင်ဖြစ်သည်။ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဘွဲ့တော်ကို "ဗုဒ္ဓသာသနာ"ဟု ဆရာတော်ကြီး ကပ်လှူရခြင်းမှာ ဗုဒ္ဓသာသနာတော်သည် နှစ်ပေါင်း ၅၀၀၀ အထက်တွင်လည်း ထွန်းလင်းတောက်ပနေစေရန် ဖြစ်သည်ဟု သိရသည်။

ခတ်ရခတ်ယူ သာသနာနယ်မြေတွင် ဆရာတော်ကြီးသည် သာသနာပြုလုပ်ငန်းများကို ၁၃၆၃ ခုနှစ်မှစ၍ ခတ်ရခတ်ယူတောင်ထိပ်တွင် စေတီ ၁၀ ဆူ စတင်တည်ထားတော်မူခဲ့ပြီး ၁၃၆၇ ခုနှစ်တွင် ဉာဏ်တော်အမြင့်ပေ ၁၈၀ ရှိ ထိုင်တော်မူမြတ်စွာဘုရားရုပ်တုတော်မြတ်ကြီးကို သံကူကွန်ကရစ်ဖြင့် စတင်တည်တော်မူခဲ့ရာ နှစ်အလိုက် တည်ဆောက်မှုလုပ်ငန်းများကို အများပြည်သူကောင်းမှုဖြင့် အောင်မြင်လျက်ရှိသည်။

ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓမြတ်စွာဘုရား ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ဆောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဝင်ဟူသမျှတို့သည် မြန်မာနိုင်ငံ၏ သာသနာ့သမိုင်းကို သက်ဝင်ယုံကြည်ပြီး ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ်ခွင့်ရရှိစေရန်နှင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့အပြင် နိဗ္ဗာန်ချမ်းသာကိုပင် ရရှိစေနိုင်သော လမ်းစဉ်များကို ညွှန်ပြပေးသကဲ့သို့ အပါယ်လေးပါးသို့လည်း မရောက်နိုင်အောင် ညွှန်ပြတော်မူခဲ့သော မြတ်စွာဘုရားကို တကယ်သက်ရှိထင်ရှားရှိသကဲ့သို့ ဖူးမြော်အာရုံပြုနိုင်ကြစေရန် ရည်ရွယ်တည်တော်မူခြင်းဖြစ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များ အနေဖြင့် သွားရောက်ဖူးမြော်ကြည်ညို၍ ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည်။ ။



**ပေ ၁၈၀ ရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မွန်ပြည်နယ် မုဒုံမြို့နယ် လက်တက်ရွာ ခတ်ရခတ်ယူ သာသနာ့နယ်မြေ၌ တည်နေစဉ်ဖူးတွေ့ရပုံ။**

## စစ်ကိုင်းမြို့တွင် မိုးရွာသွန်း၍ ပြည်သူများဝမ်းသာ

**စစ်ကိုင်း မေ ၁၂**

စစ်ကိုင်းမြို့တွင် မေ ၉ ရက် ညနေ ၃ နာရီက မိုးများရွာသွန်းခဲ့ရာ ရပ်ကွက်နေပြည်သူများ ဝမ်းသာလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါမိုးရွာသွန်းမှုနှင့် ပတ်သက်၍ နန်းဦးမြို့သစ်ရပ်ကွက်နေ မတိုးတိုးအေးက "ဒီမိုးမရွာခင် အရင်ရက်ကဆို အရမ်းပူပြင်းတယ်။ ကျွန်မမှာလည်း နှစ်နှစ်သမီးအရွယ် ကလေးက ရှိနေတော့ သူ့ကိုပဲ ဂရုစိုက်ပေးနေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများက ခံနိုင်ရည်အားမရှိတဲ့အတွက် အသက်အန္တရာယ်တောင် စိုးရိမ်မှုဖြစ်ရတယ်ဆိုတော့ ဂရုစိုက်ပေးနေရတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း အပူချိန်မြင့်မားတဲ့အချိန်မှာ ဆောင်ရန်၊ ရှောင်ရန်စတဲ့ သတိပေးနှိုးဆော်ချက်တွေကိုလည်း ထုတ်ပြန်ပေးနေတဲ့အတွက် အတတ်နိုင်ဆုံး လိုက်နာဆောင်ရွက်ပါတယ်။ ခရမ်းလွန်ရောင်ခြည်တွေ ခန္ဓာကိုယ်နဲ့ တိုက်ရိုက်မထိအောင် ကာကွယ်မှုတွေ လုပ်ရပါမယ်။ မလွှဲသာလို့ အပြင်ထွက်မယ်ဆိုလည်း အရိပ်ရမယ့် ထီး၊ ဖိနပ်များ အသုံးပြုပြီး သွားလာရမယ်ဆိုတာတွေကို သိရပါမယ်လို့" ပြောပြခဲ့သည်။

သုံးဘီးဆိုင်ကယ်ကယ်ရီ မောင်းနှင်တဲ့ မောင်ကိုကိုအေးကလည်း "အရင်ရက်တွေက ဆိုင်ကယ်ကယ်ရီသယ်ရတာ သိပ်အဆင်မပြေဘူး။ ရာသီဥတုပူပြင်းတဲ့အတွက် ခရီးသည်တွေကလည်း အပြင်ထွက်တာနည်းတယ်လေ။ ကျွန်တော်တို့ဆို မိသားစုစားဝတ်နေရေးအတွက် မို့လို့ လုပ်ငန်းလုပ်နေကြရတယ်။ ပူပြင်းတော့လုပ်ရတာအဆင်မပြေဘူး။ အခုလို မိုးမကြာခဏရွာတော့ နေလို့ထိုင်လို့လည်း ကောင်းတယ်။ တခြားမီးဘေးအန္တရာယ်လည်း ထိုက်သင့်သလောက် စိတ်ချရတာပေါ့"လို့ ပြောခဲ့သည်။

**(ဇော်မြင့်နိုင်)**

## နောင်ချို၌ ရေအခက်အခဲရှိသည့် ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေ

**နောင်ချို မေ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းလွင် ပါဝင်သော အဖွဲ့သည် မေ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်အားမာန်အစည်းအဝေးခန်းမ၌ နောင်ချိုမြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ဆွေးနွေးညှိနှိုင်းကြသည်။ ဆက်လက်၍ ရေအခက်အခဲရှိသည့် ကျေးရွာများဖြစ်သော ယာပြင်ရေကွင်းကြီး၊ အနောက်ကုန်း၊ တောင်ကြီး၊ လွယ်ပန်းစသည့် ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေခြင်းများ ဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

(၂၄၂)

## ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ပြည်သူကိုဗဟိုပြု၍ ငွေထုတ်ချေး

**ကောလင်း မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး သမဝါယမမူဝါဒအရ ပြည်သူကိုဗဟိုပြု၍ သက်တန့်ရောင် သမဝါယမအသင်းလီမိတက်မှ ပွဲပိုးငွေထုတ်ပေးခြင်းကို မေ ၉ ရက်တွင် ကောလင်းမြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက ဦးဆောင်၍ မြို့နယ်ဦးစီးမှူးများနှင့် ဌာနဝန်ထမ်းများသည် ကောလင်းမြို့နယ် အနောက်ခြမ်းနယ်မြေ သဲတောကျေးရွာ သဲတောစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမအသင်းသား ၃၄ ဦးအား ချေးငွေ ကျပ် ၂၆၁၄၀၀၀ ကိုလည်းကောင်း၊ ကောလင်းမြို့နယ် ရွာမဝန်မင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမအသင်းသား ၂၇ ဦးအား ချေးငွေ ၂၂၁၁၀၀၀ ကျပ်ကိုလည်းကောင်း၊ ကောလင်းမြို့နယ် ဂွေးချိုကျေးရွာ ထိပ်တန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမအသင်းသား ၄၈ ဦးအား ချေးငွေကျပ် ၃၇၂၄၆၅၀ ကိုလည်းကောင်း၊ ကောလင်းမြို့နယ် လွယ်မောက်တောင်ကျေးရွာ မိုးပျံစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမအသင်းသား ၂၂ ဦးအား ချေးငွေကျပ် ၁၄၇၀၃၅၀ ကိုလည်းကောင်း စုစုပေါင်း ကျေးရွာသမအသင်းလေးသင်းအား ထုတ်ချေးငွေကျပ် ၁၀၀၂၀၀၀၀ ကို အသင်းသားတစ်ဦးချင်းစီအား ထုတ်ချေးပေးခဲ့သည်။

(၂၁၄)




NELC Don't Worry, Just Speak!
Nelson English Language Centre

1. Teacher (English) (Full /Part Time) M/F ( 5 ) Posts
2. Assistant Teacher (English) (Full /Part Time) M/F ( 5 ) Posts
3. Chinese Teacher F ( 2 ) Posts
4. Teacher (Myanmar) (Full/Part Time) M/F (2) Posts
5. On Job Training F (10) Posts
 - B.A/M.A(English), Any graduate
6. Office Staff M/F (5) Posts
7. Assistant Accountant F (5) Posts
8. IT Technician M (2) Posts

nelchrdepartment@gmail.com

**စားသောက်ဆိုင်ဖွင့်ပွဲအခမ်းအနား ကျေးဇူးတင်လွှာ**

၁၂-၅-၂၀၁၃ရက် (Happy Mother's Day)နေ့ နံနက်၁၁နာရီတွင် စတင်ဖွင့်လှစ်လိုက်သည့် GOLDEN VIEW (Healthy) Japanese Teppanyaki Restaurant ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၏ဇနီး ဒေါ်ခင်အေးနွယ်နှင့် INTEGRATED MANA GEMENT Co.,Ltd Mr. AKIHIKO SATO (Advisor) လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း ဂုဏ်ပြုပန်းခြင်းပို့ခဲ့သည့် ဦးထွန်းသိန်း(ငွေဆဒ္ဒန်/မန္တလေး) နှင့်ဇနီး ဒေါ်လှမျိုးနွယ်(အဖွဲ့ဝင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)၊ အမကြီး TRUDY SATO(SU Concert)၊ အခမ်းအနားဒီဇိုင်း မေတ္တာဖြင့် ပြင်ဆင်ပေးခဲ့သည့် (Love Peace & Join) မောင်ဝင်းမြင့်ဦးနှင့်ဇနီး မအေးမင်းမင်း၊ ဓာတ်ပုံ၊ ဗွီဒီယို မေတ္တာဖြင့်ရိုက်ကူးပေးခဲ့သော Ko Naing(Popular)ESCAPE STUDIO မေတ္တာဖြင့် ကူညီခဲ့သော မော်ဒယ်ညီမလေးများ၊ အဘက်ဘက်မှ ကူညီပေးခဲ့သည့် ဦးသိန်းနိုင်၊ ဦးသိန်းဌေး(T.M ဓာတ်ပုံဘောင်လုပ်ငန်း)၊ မောင်ဝင်းလွင်မိုး(High Power)Yangon မောင်မိုးကျော်(OASIS)၊ မောင်တာရာ(Forward-Engineering Group) တို့နှင့် မောင်တင်ဌေး(K.L)၊ မောင်ကျော်ကြီး(K.L)၊ မောင်ထွန်းထွန်းဝင်း(K.L) (MALAYSIA)၊ စာနယ်ဇင်းများ၊ အနုပညာရှင်များ၊ အနယ်နယ်အရပ်ရပ်မှ ကြွရောက်ချီးမြှင့်ခဲ့ကြသော မိတ်ဆွေများအားလုံးအား လှိုက်လှဲစွာ အထူးလေးစား ကျေးဇူးတင်ရှိပါသည်။

**MA MAY CHO**
**(Proprietor)**
**(MALAYSIA)**

ပြည်တွင်းရေးရာ

# မုန်တိုင်းကို မေတ္တာဖြင့်ခွင်းသူ

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးကွယ်အားထားရာ ရှင်တော်ဗုဒ္ဓဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ပါရမီ ၁၀ ပါး၊ အပြား ၃၀၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယ သုံးပါးတို့ကို ဖြည့်ကျင့်ခဲ့ရပေသည်။ ထိုပါရမီ ၁၀ ပါးတွင် မေတ္တာပါရမီနှင့် သစ္စာပါရမီ နှစ်ပါး ပါဝင်သည်။ မေတ္တာပါရမီကို ရေဖြင့်နှိုင်းယှဉ်ဥပမာပြုပါသည်။ ၎င်းရေသည် သူဌေးသူကြွယ်၊ သူဆင်းရဲဟူ၍ အဆင့်အတန်းမခွဲခြားဘဲ အေးမြခြင်းကို အတူညီမျှပေးပါသည်။ သူဌေးဖြစ်၍ပိုအေးသည်၊ သူဆင်းရဲဖြစ်၍ အအေးလျော့သည်ဟူ၍မရှိပါ။

ထို့အတူ သစ္စာပါရမီကိုလည်း သောကြာကြယ်ဖြင့် ဥပမာဆောင်ပါသည်။ သောကြာကြယ်သည် မိမိ၏ လားရာလမ်းကြောင်းကို မိမိသွားမြဲလမ်းမှမဖယ်ဘဲ တိမ်းစောင်းပြောင်းလဲခြင်းမရှိ ဖြောင့်တန်းစွာသွားသကဲ့သို့ ဖြောင့်မတ်မှန်ကန်စွာ ပြောဆိုလုပ်ကိုင်ခြင်းများမှာ သစ္စာမည်ပါသည်။ မှန်ကန်သောသစ္စာတရားသည်သာ ရာနှုန်းပြည့်တိကျစွာအကျိုးပြုမည်ဖြစ်ပေသည်။ ဘုရားလက်ထက်က ပဋိလိပုတ်ပြည်မှ ဗန္ဓုမတီပြည့်တန်ဆာမ၏မှန်ကန်သော သစ္စာကြောင့် အလျားယူဇနာငါးရာ၊ အကျယ်တစ်ယူဇနာရှိသော ဂင်္ဂါမြစ်ရေသည် ရေစုန်မှ ရေညာသို့ တဝုန်းဝုန်းမြည်လျက် ပြန်လည်စီးသွားကြောင်း သက်သေထင်ရှားစွာရှိခဲ့ပါသည်။

နာဂစ်မုန်တိုင်းမတိုင်မီ မြန်မာပြည်တွင် မုန်တိုင်းကြီးသုံးကြိမ်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းစုစုပေါင်း ငယ်၊ လတ်၊ ကြီးအကြိမ် (၈၀) ကျော်တိုက်ခတ်ခဲ့ပါသည်။ ၎င်းတို့ထဲမှ လူသားတို့ကို အတိဒုက္ခရောက်စေသော မုန်တိုင်းကြီးများမှာ ၁၉၆၇ ခုနှစ် မေ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင် တိုက်ခတ်ခဲ့သော ကျောက်ဖြူမုန်တိုင်း၊ ၁၉၆၈ ခုနှစ် မေ ၇ ရက်နှင့် ၁၀ ရက်ကြားတိုက်ခတ်ခဲ့သော စစ်တွေမုန်တိုင်း၊ ၁၉၇၅ ခုနှစ် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရန်ကုန်နှင့် ပုသိမ်ကြားတိုက်ခတ်ခဲ့သော မုန်တိုင်းတို့ဖြစ်ကြသည်။ ထို့ပြင် ၁၉၈၂ ခုနှစ် မေ ၁ ရက်တွင် "ဂွ"မုန်တိုင်း၊ ၁၉၉၄ ခုနှစ် မေ ၁ ရက်နှင့် ၂ ရက်တို့တွင် တိုက်ခတ်ခဲ့သော "မောင်တော" မုန်တိုင်း၊ ၂၀၀၆ ခုနှစ်တွင် တိုက်ခတ်ခဲ့သော မောင်တော(မာလာမုန်တိုင်း)၊ ၂၀၀၇ ခုနှစ်တွင် စစ်တွေနယ်ကို တိုက်ခတ်ခဲ့သော (အားကပ်(ချပ်)မုန်တိုင်း)၊ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းတို့ဖြစ်ကြပြီး မှတ်တမ်းများအရ မေလအတွင်းတွင် မုန်တိုင်းရန်ကို သတိထားဖွယ်ဖြစ်သည်။

ဤကြောက်မက်ဖွယ်အတိပြီးသော မုန်တိုင်းကြီးများ၏ ဘေးအန္တရာယ်ကို ကြိုတင်စိုးရိမ်ကြောက်ရွံ့သော ဟင်္သာတနယ်မှ ဆရာတော်တစ်ပါးက ပင်လယ်မှလာသော မုန်တိုင်းကြီးကို တားပေးတော်မူပါဟု ခန္တီးတောရတွင် သီတင်းသုံးနေတော်မူသော နယ်ခြားတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရအားလျှောက်ထားခဲ့ဖူးပါသည်။ ဆရာတော်ကြီးကလည်း တတိယကမ္ဘာစစ်ကြီးကိုမျှ တားနိုင်သေးလျှင် မုန်တိုင်းကြီးရန်ကို တားနိုင်ပါကြောင်း ပြန်လည်မိန့်ကြား၍ ၎င်း၏ဖြည့်ကျင့်ထားအပ်သော မေတ္တာပါရမီစွမ်းအားဖြင့် အများပြည်သူတို့၏ အသက်အိုးအိမ်ကို ဖျက်ဆီးမည့်မုန်တိုင်းကြီးတစ်ခုအား ဖြိုခွင်းခဲ့သဖြင့် ပြိုပျက်သွားသည့် သာဓကရှိခဲ့ဖူးပါသည်။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ ထက်မြက်မှုကြောင့် ပရိတ်ရေများဆူခြင်း၊ မိုးကို လိုတိုးပိုလျှော့ ရွာခိုင်းစေခြင်းတို့မှာ ကျွန်တော်တို့၏ ကိုယ်တိုင်လက်တွေ့သိသော တရားဂုဏ်တော်၏ စွမ်းပကားများပင်ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ခန္တီးတောရတွင် နှစ်ပေါင်းများစွာ ဧကစာရီသီတင်းသုံးတော်မူခဲ့သော်လည်း ကျားအကောင် ၇၀ ကျော်ရှိသော တောဝန်းကျင်တစ်ဝိုက်တွင် ကျားများနှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံခဲ့ခြင်းမရှိပါ။ မြန်မာပြည်တစ်နံတစ်လျား မီးဘေးသင့်သောနေရာများကို နောင်တွင်မီးဘေးအန္တရာယ်ကင်းအောင် ဆရာတော်ကြီးက ပရိတ်ဓမ္မစက်ဖြင့် ကူညီစောင့်ရှောက်ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၌ ရေတိုက်စား ကမ်းပါးပြိုသောရွာများကိုလည်း သဲဖြူခင်းရာဇမတ်ကာ၍ ပရိတ်ရွတ်ပေးခဲ့သဖြင့် နောင်နှစ်ရေကြီးချိန်တွင် ဖော်ပြပါအန္တရာယ်မှ ကင်းလွတ်သွားခဲ့ကြပါသည်။ ဆရာတော်ကြီးသည် ပထမဈာန်ကို စက္ကန့်ပိုင်းအတွင်း ဝင်စားနိုင်သောသဘောလက္ခဏာ ရှိခဲ့ပါသည်။ရှေးအခါကလည်း ဟင်္သာတနယ်တစ်ဝိုက် မိုးခေါင်၍ပျိုးထောင်မရဖြစ်နေချိန် ပြည်မြို့တွင် ခေတ္တရောက်ရှိ သီတင်းသုံးနေတော်မူသော လယ်တီဆရာတော်ကြီးအား ပင့်လျှောက်၍ မိုးရွာသွန်းဖြိုးခဲ့သည်လည်း ရှိခဲ့ပါသည်။ မေတ္တာသည် စစ်မှန်သော ဝိပဿနာကုသိုလ်မှတစ်ပါး အကျိုးအကြီးမားဆုံးဖြစ်သည်ကို သိဖို့လိုသလို ကျင့်ဖို့လည်းလိုပါသည်။

မေတ္တာဘာဝနာကဲ့သို့ အားကိုးအားထားပြုလောက်သောအရာသည် သတ္တလောကကြီးအတွက် အခြားဘာမျှမရှိပါ။ မေတ္တာတရားသည် မေတ္တာပွားမေတ္တာပို့သူအတွက်ရေဘေးဒုက္ခ၊ မီးဘေးဒုက္ခ၊ လေဘေးဒုက္ခ၊ အဆိပ်အမျိုးမျိုးတို့၏ဘေး၊ သားရဲတိရစ္ဆာန်တို့၏ဘေး၊ မြေငလျင်ဘေးစသည့်ဘေးဆိုးတို့မှ လွတ်မြောက်နိုင်သည်ဖြစ်၍ မေတ္တာတရားသည် လူသားတိုင်း၊ သက်ရှိပုဂ္ဂိုလ်တိုင်း ပွားများသင့်သောတရားမြတ်ဖြစ်ပေသည်။

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဟူသော စကားအတိုင်း မုန်တိုင်းဘေး၊ သဘာဝဘေးအန္တရာယ်မှ ကျရောက်ပြီးမှ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်းထက် ယင်းအန္တရာယ်ဆိုးများ မကျရောက်မီ ပင်လယ်ဘက်သို့ညွှတ်၍ မေတ္တာပို့လွှတ်ခြင်း၊ ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းစသည့်လုပ်ငန်းများကို အထူးအလေးထား လုပ်ဆောင်သင့်ပါသည်။ ဤကိစ္စကိုလုပ်ဆောင်ခြင်းဖြင့် မုန်တိုင်းတိုက်ခတ်၍ လုပ်ဆောင်ရမည့် ကယ်ဆယ်ရေးစရိတ်အားလုံး၏ တစ်ရာပုံတစ်ပုံသာကုန်ကျနိုင်ပါသည်။ယုတ်စွအဆုံးခလုတ်နာနာမတိုက်မိဘဲ သာသာလေးပဲတိုက်မိမှာဖြစ်ပါသည်။

မိုးညှင်းသမ္ဗုဒ္ဓေ ဆရာတော်သည်စစ်ဖြစ်နေသော နှစ်နိုင်ငံအပေါ် မြေပုံချ၍ လက်ညှိုးနှင့်လက်ခလယ် ထောက်လျက် နေ့နေ့ညညဆက်တိုက် မေတ္တာပို့မေတ္တာဖြန့်ဝေတော်မူပြီး လေးရက်ကျော်ငါးရက်မြောက်နေ့ စစ်ပြေငြိမ်းသွားပါသည်။

ဤဆောင်းပါးကို ရေးရခြင်းနှင့်အဓိကရည်ရွယ်ချက်မှာမေလရောက်ရှိလာပြီဖြစ်သဖြင့် မုန်တိုင်းအန္တရာယ်ကိုမေတ္တာတရားဖြင့် ကြိုတင်ကာကွယ်နိုင်ရန်ဖြစ်ပါသည်။ တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရရှိစဉ်က မုန်တိုင်းကို ကာကွယ်ပေးသွားနိုင်သကဲ့သို့ သက်ရှိသက်မဲ့အားလုံးဆုံးရှုံးပျက်ပြားမည့် ဘေးဆိုးကြီးများမှ ကင်းဝေးကြစေရန် ကျွန်တော်တို့သည် ကျွန်တော်တို့၏ မေတ္တာဖြင့် မြန်မာနိုင်ငံအတွင်းသို့လည်းကောင်း၊ ကမ္ဘာအနှံ့သို့လည်းကောင်း မေတ္တာဖြန့်ဝေပေးကြရန် အသိပေးနှိုးဆော် တိုက်တွန်းရေးသားလိုက်ပါသည်။

တစ်နေ့သုံးခါ အိုးတစ်ရာဖြင့် ချက်ခါထမင်းကျွေးရခြင်းထက်
မယွင်းစင်စစ် နို့တစ်ညှစ်စာ ကြိမ်သုံးခါမျှ
မေတ္တာပွားများ ကျိုးကြီးမားသည့် ဗုဒ္ဓဘုရားရှင်
အလိုတော်တည်း။

**ဆုထူးရှင် (ပညာရေးတက္ကသိုလ်)**

## ဝမ်းတွင်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူ ဆိုင်ကယ်မောင်းနှင်သူများအား စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိ



**ဝမ်းတွင်း မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့တွင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း မလိုက်နာသူ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

"မေ ၉ ရက်က ဝမ်းတွင်းမြို့ (မြောက်ဂိတ်) ရန်ကုန်-မန္တလေးကားလမ်းမမှာ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာတဲ့ မော်တော်ဆိုင်ကယ်မောင်းနှင်သူ ၄၃ ဦးကို ရှောင်တခင် စစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့ပါတယ်။ ဆိုင်ကယ်စီးဦးထုပ် မဆောင်းခြင်း၊ ဆိုင်ကယ်တစ်စီးကို နှစ်ဦးထက် ပိုစီးခြင်းစသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ပတ်သက်တဲ့ စည်းကမ်းချက်နဲ့ ဖောက်ဖျက်မလိုက်နာဘဲ မော်တော်ဆိုင်ကယ်မောင်းနှင်သူတစ်ဦးကို ဒဏ်ငွေ နှစ်သောင်းကျပ်ပေးဆောင်စေပြီး အရေးယူဆောင်ရွက်နေပါတယ်" ဟု မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးက ပြောသည်။

အလားတူ မေ ၁၀ ရက်နံနက်ပိုင်းက ဝမ်းတွင်း-သဲတော ရေဆုံးလမ်းထိပ်တွင် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းလိုက်နာမှု ရှိ၊ မရှိကို မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တာဝန်ရှိသူများက ရှောင်တခင် စစ်ဆေးဖမ်းဆီးအရေးယူရာ စည်းကမ်းမလိုက်နာဘဲ မော်တော်ဆိုင်ကယ်မောင်းနှင်သူ ၂၂ ဦးအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးအရေးယူခဲ့သည်။ ဝမ်းတွင်းမြို့သည် ရန်ကုန်-မန္တလေးလမ်းမကြီးကို ဖြတ်သန်းသွားရသော မြို့တစ်မြို့ဖြစ်ပြီး အဆိုပါလမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ (၅၇၉)

## ကျောက်ထုအထက၌ ရေတွင်း၊ ရေကန်လှူဒါန်း

**ဂန့်ဂေါ မေ ၁၂**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ သောက်သုံးရေ လွယ်ကူစွာရရှိနိုင်ရေးအတွက် ကျောက်ထုမြို့ ရွှေဘော်ဒါဆောင် အဆောင်မှူး ဦးကျော်ပိုင်က ငွေကျပ် ၁၅ သိန်းကျော် တန်ဖိုးရှိ ရေတွင်း၊ ရေကန်နှင့် ဆက်စပ်ပစ္စည်းများကို မေ ၈ ရက်တွင် တူးဖော်ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၄၆၅)



















13-5 (17).pmd 1 5/11/2013, 9:52 PM




## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်မှ ချီးမြှင့်သည့်“ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်” နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု လက်ခံရရှိသော **ဦးလှသန်းနှင့်** “တန်ဖိုးမြှင့်ထုတ်ကုန်အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်”ဂုဏ်ထူးဆောင်ဆု လက်ခံရရှိသော ဒေါက်တာအောင်လွင်တို့ ညီအစ်ကိုအား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးအောင်ဝင်း-ဒေါ်စန်းနု**

**အောင်မြတ်သိန်းကုမ္ပဏီလီမိတက်**

## ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

## ရန်ကုန်မြို့

**မဟာဗုဒ္ဓဝင်ပြခန်းနှင့် ပြတိုက်၊ ပိဋကတ်တိုက်တို့ကို ဆက်သွယ်သည့် ပေါင်းကူးလျှောက်လမ်းတံတား (စောင်းတန်းအဆောက်အအုံသစ်)အတွက် အလှူရှင်များပါဝင် လှူဒါန်းနိုင်ရန်နှိုးဆော်လွှာ**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က မဟာဗုဒ္ဓဝင်ပြခန်းနှင့်ပြတိုက်၊ ပိဋကတ်တိုက်တို့အား အဆင့်မြင့်မွမ်းမံပြုပြင်ပြီးနောက် မဟာဗုဒ္ဓဝင်ပြခန်းနှင့်ပြတိုက်၊ ပိဋကတ်တိုက်တို့အား လွယ်ကူစွာ ကူးလူးသွားလာနိုင်သော (ပေါင်းကူးတံတား)စောင်းတန်းကြီးတည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စောင်းတန်းကြီးတစ်လျှောက်တွင် ဓါတ်လှေကား ၄စီးနှင့် ရွေ့လျားစက်လှေကား ၂စီး ထည့်သွင်းတည်ဆောက်မည်ဖြစ်ရာ အောက်ပါအတိုင်းပါဝင် လှူဒါန်းနိုင်ရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်-

| | |
|---|---|
| - ၁၀' × ၂၅' အခန်း(၁)ခန်းလျှင် | ကျပ်သိန်း (၈၀) |
| - ဓါတ်လှေကား(1350kg) ၁ စီးလျှင် | အမေရိကန်ဒေါ်လာ (၅)သောင်း |
| - ရွေ့လျားစက်လှေကား (ပေရှည်-၁၃၀)၁စီးလျှင် | အမေရိကန်ဒေါ်လာ (၁. ၁၂၅)သိန်း |

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

**ဖုန်း-၃၇၅၃၆၇၊ ၃၇၁၀၈၉**

**“တောင်ပေါ်သား”**အဆင့်မြင့် ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းမှ ရန်ကုန် ↔ မန္တလေးသို့ လုံခြုံစိတ်ချမှုရှိသော Yutong Bus ကားသစ်ကြီးများဖြင့် ခရီးသည်များအား စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ကျွမ်းကျင်သော သက်တမ်းရင့် ယာဉ်မောင်းများနှင့် ယဉ်ကျေးပျူငှာသော ယာဉ်မယ်လေးများ၏ ဧည့်ဝတ်ကျေပွန်စေမှု စသည့်ဝန်ဆောင်မှုများဖြင့် ၁၄-၅-၂၀၁၃ရက်မှစ၍ နေ့စဉ် ည ၈နာရီတွင် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**“တောင်ပေါ်သား”**မှ အခြားခရီးစဉ်များကို နေ့စဉ်

ရန်ကုန် ↔ တောင်ကြီးသို့

Economic Class ညနေ 5:00, First Class ညနေ 6:00,

Business Class VIP Seat ည 7:00

ရန်ကုန် ↔ နေပြည်တော်သို့ မွန်းလွဲ 1:00 အချိန်များတွင် ပြေးဆွဲလျှက်ရှိပြီး

**“နယူးတောင်ပေါ်သား”**အမည်ဖြင့်

ရန်ကုန် ↔ ဖားအံ ↔ ကော့ကရိတ် ↔ မြဝတီ ည 7:00 တွင် ပြေးဆွဲနေပြီဖြစ်ကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအားလုံးကို အသိပေး ကြေညာအပ်ပါသည်။

**တောင်ပေါ်သား(or)နယူးတောင်ပေါ်သား**

**မိသားစုမှ**

**လှိုက်လှဲစွာကျေးဇူးတင်ပါသည်။**


တန်ဖိုးထားကိုင်ပါသည်

☎-01-552742, 01-5603232, 09 5860940, 09 8634890, 09 73033183

မိတ်ကပ်စင်စန်းဝင်း

LIGHT YEAR
EDUCATION CENTRE

International School Students များအတွက်
- IGCSE Preparation Courses
- Primary 1 to IGCSE 'O' ( All Subjects )
- Sat & Sun Regular Classes (Grade 1-11)

Grammar & Compositon, Starters, Movers, Flyers, KET, PET

Singapore ကျောင်းဝင်စာမေးပွဲအတွက်
- IPSLE and AEIS Preparation Courses
- Primary 1 to IGCSE 'O' ( All Subjects )

IGCSE 'O' နှင့်

IELTS, SAT I, II (ALL Subjects), Four Skills for Adults

Tel: 544728, 400769, 09-5030037, 09-73112429

Summit International Learning Centre
No.30-C,Manawhari St,DagonTsp,Yangon.
www.silceducation.com
Ph:01-538008
09-73150347

1. International Standard Curriculum Preschool, Primary-IGCSE

2. Young Learners Courses from the British Council ( Weekend & Evening Classes)

3. Special Programme
TODDLERS
Age:1-2 yrs

# အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများအနက် အဘိဓမ္မာဂုဏ်ထူးဆောင် စာမေးပွဲ၌ စာဖြေဌာနအားလုံးတွင် နိုင်ငံတော်အဆင့် တတိယ(ထူးချွန်ဆု) ရရှိခဲ့သော ခုံအမှတ်-၁၄၊ **ဒေါ်ခင်သန်းဝင်း(ခ)ဒေါ်မော်မော်**(ဓမ္မပူဇာပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်၊ သာသနာ့ဝေယျာဝစ္စနှင့်ဆွမ်းလောင်းအဖွဲ့ဝင်)အတွက် မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဓမ္မပူဇာပွဲဖြစ်မြောက်ရေးအဖွဲ့၊ သာသနာ့ဝေယျာဝစ္စနှင့် ဆွမ်းလောင်းအဖွဲ့မှ အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဓမ္မပူဇာပွဲဖြစ်မြောက်ရေးအဖွဲ့**
**သာသနာ့ဝေယျာဝစ္စနှင့် ဆွမ်းလောင်းအဖွဲ့**
**မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်**















## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မတင်နီလာခိုင်(ခ)ရင်ရင်နောင် မှတ်ပုံတင်အမှတ်[၁၂/မရက(နိုင်)၁၄၃၆၈၂]ကိုင်ဆောင်သူသည် မိဘညီအစ်ကို မောင်နှမများအား စိတ်ဆင်းရဲအောင် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ သူနှင့်ပတ်သက်သည့်ကိစ္စအဝဝသည် ကျွန်တော်၊ ကျွန်မတို့မိသားစုနှင့် လုံးဝမသက်ဆိုင်တော့ပါ။ မေးမြန်းခြင်းသည်းခံပါ။

**ဦးကျော်ဝင်း[၇/လပတ(နိုင်)၀၅၄၆၄၁]**
**ဒေါ်ခင်အေးမြင့် [၇/လပတ(နိုင်)၀၈၃၀၅၃]**

## နှစ်ဦးသဘောတူလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

မောင်ဖြိုးပြည့်စုံဝင့်[၁၂/ကမတ(နိုင်)၀၆၀၅၆၅] သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့၍ ၎င်း၏အထက်အရာရှိနှင့် သက်သေများရှေ့မှောက်၌ ၁-၅-၂၀၁၃ ရက် တွင် ကျွန်မ မဇီဇဝါ[၉/ပဥလ(နိုင်)၀၁၉၂၅၅]နှင့် လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

**မဇီဇဝါ**
**[၉/ပဥလ(နိုင်)၀၁၉၂၅၅]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၄၅)၊ မြေကွက်တည်နေရာအမှတ်(၁၂၉)၊ (၇)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဦးအုန်းမြင့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအုန်းမြင့် ကွယ်လွန်သဖြင့် ဒေါ်တင်တင်ဝင်း[၁၂/ဥကတ(နိုင်)၀၄၉၂၁၈]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရှိ ရုံးချုပ်နှင့် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) | ၁ | (၂) ထပ်ရုံးအဆောက်အအုံ(၁)လုံးအကြီးစားမွမ်းမံပြင်ဆင်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | ပြင်ပရေရရှိရေးလုပ်ငန်း (၆"Ø အဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ရေစင်၊ ရေစက်ရုံ၊ ရေပန့်၊ ရေပိုက်လိုင်း) |
| ၂ | မန္တလေးတက္ကသိုလ် | ၁ | တက္ကသိုလ်ဝင်းအတွင်းရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ မြောင်းဘောင် ကျောက်ကြီးစီခြင်း |
| | | ၂ | အင်း၀ Theatre စာသင်ခန်းမအကြီးစားမွမ်းမံပြင်ဆင်ခြင်း |
| | | ၃ | (၄)ခန်းတွဲ (၄)ထပ် အရာထမ်းအိမ်(၁)လုံး ဆောက်လုပ်ခြင်း၊ RC (ရေမီး အပါအဝင်) |
| | | ၄ | စာကြည့်တိုက်အသစ်ရှေ့မျက်နှာစာ သံပန်းခြံစည်းရိုးကာရံခြင်း |
| | | ၅ | သိပ္ပံသုတေသန အဆောက်အအုံအဝင်အထွက် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကားရပ်နားကွင်းပြုလုပ်ခြင်း |
| | | ၆ | သိပ္ပံသုတေသန အဆောက်အအုံချိန်းလင့်ခြံစည်းရိုးကာရံခြင်း/အုတ်ခြံစည်းရိုးကာရံခြင်း |
| | | ၇ | တက္ကသိုလ်အဝင်ဂိတ်မှ ယူနီဆန်လမ်းဆုံအထိ လမ်းဘေးဝဲ၊ ယာကို Hollow Pipe ဖြင့် ခြံစည်းရိုးကာရံခြင်း(ဂိတ်တံခါးအပါအဝင်) |
| | | ၈ | အကယ်ဒမီ စာသင်ဆောင် အဝင်အထွက် ကွန်ကရစ်လမ်းခင်းခြင်း/မြောင်းကူး ကွန်ကရစ်တံတား(၂)စင်းပြုလုပ်ခြင်း |
| | | ၉ | (၈)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်(၁) လုံးဆောက်လုပ်ခြင်း၊ BN (ရေမီး အပါအဝင်) |
| | | ၁၀ | (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်(၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေမီး အပါအဝင်) |
| | | ၁၁ | ခြောက်လမ်းသွားလမ်းမကြီးကတ္တရာထပ်ပိုးလွှာခင်းခြင်း/ပလက်ဖောင်းပြုပြင်ခြင်းနှင့် ကွန်ကရစ်တံတား(၂)စင်း ပြုလုပ်ခြင်း |
| ၃ | တောင်ကြီးတက္ကသိုလ် | ၁ | (၄)ခန်းတွဲ ၄ ထပ် အရာထမ်းအိမ်(၁)လုံး ဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၈)ခန်းတွဲ ၄ ထပ် ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | သိပ္ပံသုတေသနအဆောက်အအုံ(၂)ထပ် (၁)လုံး RC (ရေ၊ မီးအပါအဝင်) |
| ၄ | စစ်ကိုင်းပညာရေး တက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင်(၂)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ၁၆၀ ဦးဆံ့ ကျောင်းသားအိပ်ဆောင်(၂)ထပ်(၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | မီတာ (၄၀၀) ပြေးလမ်းဖောက်လုပ်ခြင်း/ အုတ်ရေမြောင်းပြုပြင်ခြင်း |
| | | ၄ | (၄)ခန်းတွဲ (၂) ထပ်ဝန်ထမ်းအိမ်(၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | အမျိုးသားဆောင်အသစ်သို့သွားသည့် ကွန်ကရစ်လမ်းခင်းခြင်း |
| | | ၆ | ရွှေမင်းဝံ၊ မြဇေယျာနှင့် မြရာအဆောင်များအား ချိန်းလင့်ခြံစည်းရိုးကာရံခြင်း (ဂိတ်တံခါး-၆-ပေါက်အပါအဝင်) |
| | | ၇ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၈ | (၄၀)ဦးဆံ့ဆရာမများဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| ၅ | မကွေးတက္ကသိုလ် | ၁ | ပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ဘက်စုံခန်းမပတ်လမ်းကွန်ကရစ်ခင်းခြင်း |
| | | ၃ | (၆)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၃)လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| | | ၄ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၅ | သိပ္ပံသုတေသနအဆောက်အအုံ (၂)ထပ် (၁)လုံး၊ RC (ရေ၊ မီးအပါအဝင်) |
| ၆ | မုံရွာတက္ကသိုလ် | ၁ | (၄၀)ဦးဆံ့ဆရာမများဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | စာသင်ဆောင်များသို့သွားသည့်လမ်းကွန်ကရစ်ခင်းခြင်း |
| | | ၃ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၄ | (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | အင်ဂျင်နီယာဌာန (၁)ထပ်အဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၆ | သိပ္ပံသုတေသနအဆောက်အအုံ (၂)ထပ် (၁)လုံး RC (ရေ၊ မီးအပါအဝင်) |
| ၇ | မြစ်ကြီးနားတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၃)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၂)ထပ်ရုံးအဆောက်အအုံ (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | ပြင်ပရေရရှိရေးလုပ်ငန်း(၈"Øအဝီစိတွင်းတူးဖော်ခြင်း/စက်တပ်ဆင်ခြင်းအပါအဝင်) |
| | | ၄ | ဘွဲ့နှင်းသဘင်အဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | (၂၀)ဦးဆံ့ဆရာမများဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၆ | (၆)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| | | ၇ | (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၃)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၈ | သိပ္ပံသုတေသနအဆောက်အအုံ (၂)ထပ် (၁)လုံး RC (ရေ၊ မီးအပါအဝင်) |
| ၈ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁ | (၂)ထပ်စာသင်ဆောင် (၃)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | သင်ကြားရေးဇုန်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း |
| | | ၃ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၄ | မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| | | ၅ | (၄)ခန်းတွဲ (၂)ထပ်အရာထမ်းအိမ် (၃)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၆ | (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၄)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| ၉ | မန္တလေးအဝေးသင် တက္ကသိုလ် | ၁ | (၂)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်(၄)လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| ၁၀ | ရတနာပုံတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | သင်ကြားရေးဇုန်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း |
| | | ၄ | မီတာ(၄၀၀)ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်ခြင်း |
| ၁၁ | မိတ္ထီလာတက္ကသိုလ် | ၁ | (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ရူပဗေဒဆောင်သွပ်မိုးနှင့် မီးခံကျောက်ပြားမျက်နှာကြက် လဲလှယ်ခြင်း |
| | | ၃ | (၈)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| | | ၄ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၆ | (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၇ | (၃)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| ၁၂ | ပခုက္ကူတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၃)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ဂါလန်(၁၀၀၀၀)ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း |
| | | ၃ | 315 KVA Transformer တပ်ဆင်ခြင်း/လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း |
| | | ၄ | (၅)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| ၁၃ | မိတ္ထီလာစီးပွားရေး တက္ကသိုလ် | ၁ | (၂)ထပ်စာသင်ဆောင် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၂)ထပ်ဆရာမများဆောင် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း |
| | | ၄ | ဝန်ထမ်းအိမ်ရာအဝင်မြေလမ်းအား ကွန်ကရစ်ခင်းခြင်း |
| | | ၅ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၆ | မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| | | ၇ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၈ | မိုးလုံလေလုံအားကစားခန်းမ Chain Link ကာရံခြင်း |
| | | ၉ | အရာရှိအိမ်ရာအဝင်လမ်းကွန်ကရစ်ခင်းခြင်း |
| | | ၁၀ | ပင်မဆောင်နှင့် ဆရာမများဆောင်ဆက်သည့်လမ်း ကွန်ကရစ်ခင်းခြင်း |
| ၁၄ | ကျောက်ဆည်တက္ကသိုလ် | ၁ | (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ (၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | 200 KVA Transformer တပ်ဆင်ခြင်း |
| | | ၃ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၄ | သင်ကြားရေးဇုန်မှအားကစားရုံအထိ ကွန်ကရစ်လမ်းခင်းခြင်း |
| | | ၅ | (၂)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| ၁၅ | ကလေးတက္ကသိုလ် | ၁ | အရာရှိနေအိမ် (၁)ထပ် (၅)လုံးဆောက်လုပ်ခြင်း (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | 315 KVA Transformer တပ်ဆင်ခြင်း/လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း |
| | | ၄ | ပြင်ပရေရရှိရေးလုပ်ငန်း(၈"Øအဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ရေစက်ရုံ၊ ရေပန့်အပါအဝင်) |
| | | ၅ | ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း |
| | | ၆ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၇ | မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| | | ၈ | အင်ဂျင်နီယာဌာန(၁)ထပ်ရုံးအဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| ၁၆ | လှိုင်ကော်တက္ကသိုလ် | ၁ | ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း |
| | | ၂ | (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| ၁၇ | လားရှိုးတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၄ | မီတာ(၄၀၀) အားကစားကွင်း Chain Link ကာရံခြင်း |
| | | ၅ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| ၁၈ | ဗန်းမော်တက္ကသိုလ် | ၁ | ပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| ၁၉ | ရွှေဘိုတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | စာသင်ဆောင်ရှေ့ကွန်ကရစ်ခင်းခြင်း(ရေထုတ်ပြွန် ၂ လုံးအပါအဝင်) |
| | | ၃ | စာသင်ဆောင်များသို့ သွားလမ်းကွန်ကရစ်ခင်းခြင်း |
| | | ၄ | အဓိပတိလမ်းမှ အဆောင်(၃)သွားမြေလမ်းကွန်ကရစ်ခင်းခြင်း |
| | | ၅ | (၄) ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်(၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီး အပါအဝင်) |
| | | ၆ | (၄၀) ဦးဆံ့ ဆရာမများဆောင်(၂)ထပ် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၇ | ပြင်ပရေရရှိရေးလုပ်ငန်း (၈"Ø အဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ရေစင်၊ ရေစက်ရုံ၊ ရေပန့်၊ ရေပိုက်လိုင်း) |
| | | ၈ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၉ | မီတာ (၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| | | ၁၀ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| ၂၀ | စစ်ကိုင်းတက္ကသိုလ် | ၁ | (၂) ထပ်စာသင်သင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | ဒု-ပါမောက္ခချုပ်နေအိမ်(၂)ထပ် (၁)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၃ | (၆) ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်(၁)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၄ | (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၅ | စာသင်ဆောင်များ၊ လက်တွေ့ခန်းများ ဆက်စပ်လမ်းကွန်ကရစ်ခင်းခြင်း |
| ၂၁ | ရေနံချောင်းဒီဂရီ ကောလိပ် | ၁ | (၃) ထပ်စာသင်ဆောင် (၁)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | လျှပ်စစ်ဓာတ်အားလိုင်းကြေးကြိုးဖြင့် အစားထိုးပြုပြင်ခြင်း၊ Main Pannel တပ်ဆင်ခြင်း၊ 400V ဓာတ်အားလိုင်းတိုးချဲ့ခြင်း |
| | | ၃ | (၄)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်(၂)လုံး ဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| | | ၄ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၅ | (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်(၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီး အပါအဝင်) |
| | | ၆ | (၄၀)ဦးဆံ့ ဆရာမများဆောင်(၂)ထပ်(၂)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| ၂၂ | မြင်းခြံဒီဂရီကောလိပ် | ၁ | အဝေးသင် ဂိုဒေါင်(၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | (၂)ထပ်စာသင်ဆောင်(၂) လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၃ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၄ | မီတာ (၄၀၀) ပြေးလမ်းပါဘောလုံးကွင်းဆောက်လုပ်ခြင်း |
| | | ၅ | (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်(၅)လုံး ဆောက်လုပ်ခြင်း၊ RC (ရေ၊ မီး အပါအဝင်) |
| ၂၃ | မိုးညှင်းဒီဂရီကောလိပ် | ၁ | (၂) ထပ်စာသင်ဆောင်(၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | စာသင်ဆောင်ရှေ့ ကွန်ကရစ်ခင်းခြင်း |
| | | ၃ | ကားဂိုဒေါင် (၁)လုံး ဆောက်လုပ်ခြင်း BN |
| | | ၄ | (၂)ထပ်စာကြည့်တိုက်(၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၅ | (၆)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်(၂)လုံးဆောက်လုပ်ခြင်း BN (ရေမီးအပါအဝင်) |
| ၂၄ | မန္တလာကောလိပ် | ၁ | (၃)ထပ်စာသင်ဆောင်(၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၅-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၆-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို ဤဦးစီးဌာန၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ရုံးချုပ်၊ လမ်း ၈၀၊ (၃၄ × ၃၅)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)**

**နာမည်ရပြီး hair saloon spa နှင့် အဆီချလုပ်ငန်းဆိုင် ရောင်း၊ ငှားမည်**

ဆိုင်သက်တမ်း ငါးနှစ်ရှိ ဈေးသည်ရပြီးဆိုင်၊ လက်တင်ဆက် ဖွင့်၍ရသည်။

**ဖုန်း-၀၉-၅၁၅၈၈၅၁**

**၂၀၁၃-၂၀၁၄၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် ဆရာဦးသိန်းတင်စိုး BE(EP),MIT ၏**

ရူပဗေဒ-ဓာတုဗေဒ မေးခွန်းဟောင်း သင်ရိုးကုန်စာအုပ်ထွက်ပြီ။

ရန်ကုန် - စာပေလောက၊ ရာပြည့်၊ စာပေဟင်းလေးအိုးကြီး၊ အင်းဝစာအုပ်တိုက်၊

မန္တလေး - ထွန်းဦးစာပေ၊ နဂါးစာပေ၊ မောင်မောင်ပြေစာပေတို့တွင် ရနိုင်ပါပြီ။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## နေပြည်တော်
## ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများတင်ပြရောင်းချခဲ့သော ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်

**၁၃၇၅-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၁)ရက်**
**(၂၀၁၃-ခုနှစ်၊ မေလ ၆ ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကုမ္ပဏီ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကပိုင် ကျောက်စိမ်းအရိုင်းနှင့်အချောထည်များကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးလျက်ရှိသည်။ ရောင်းချရသော ကျောက်စိမ်းတွဲများကို ဝယ်ယူသူသို့ ထုတ်ပေးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို သက်ဆိုင်ရာကုမ္ပဏီ၊ သမဝါယမအသင်းနှင့် ပုဂ္ဂလိကများသို့ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၉၉၄-ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကာလအတွင်း ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချခဲ့ကြသော်လည်း ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်ထုတ်ယူကြရန်အတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ ကျောက်စိမ်းတွဲပိုင်ရှင်(၂၈)ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များသည် ကျောက်စိမ်းရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်းများနှင့်အတူ ၃၀-၆-၂၀၁၃ ရက် နောက်ဆုံးထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းအတွဲပိုင်ရှင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းရှင်အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|
| ၁။ | ဒေါ်ချင်ကျိန် | (အိတ်ချ်ဒဗလျူအိုင်-၀၄၅၁၉၈) |
| ၂။ | ဒေါ်အမ်ဖိန် | (အယ်လ်အက်စ်အို-၁၈၂၅၉၀) |
| ၃။ | ဦးမြင့်စိုး | [၅/ခတန(နိုင်)၀၀၅၅၆၇] |
| ၄။ | ဦးသိန်းဝင်း | - |
| ၅။ | ဦးခရိုင်းနော်အောင် | (အမ်ကေအေ-၀၃၉၈၃၅) |
| ၆။ | ဦးဝင်းရှိန်+ဦးချစ်စံ | [၉/မရမ(နိုင်)၀၆၄၇၅၉] |
| ၇။ | ဦးနော်အောင် | [၁/မကန(နိုင်)၀၁၃၄၃၄] |
| ၈။ | ဦးသောင်းထီ | (အက်စ်ဂျီဂျီ-၀၄၄၅၄၁) |
| ၉။ | ဦးစောစေတာ | (ဘီအက်စ်အင်န်-၀၄၇၆၈၆) |
| ၁၀။ | ဦးစောထွန်းနိုင် | [၁/မကန(နိုင်)၀၄၇၉၇၆] |
| ၁၁။ | ဦးမောင်မောင်မြင့်+ဦးအောင်ကြည် | (အမ်အမ်အို-၃၁၂၅၁၉) |
| ၁၂။ | ဦးမောင်မောင်စိန် | (အေအမ်အေ-၀၉၅၈၆၃) |
| ၁၃။ | ဦးအေး | [၉/မရမ(နိုင်)၀၀၁၉၀၅] |
| ၁၄။ | ဦးအောင်ဝင်း | [၁/မကတ(နိုင်)၀၃၀၂၂၀] |
| ၁၅။ | ဦးဖော်ယူဂမ်မွန် | - |
| ၁၆။ | ဦးနွယ်ဘွား | [၅/စကန(နိုင်)၀၈၇၈၀၁] |
| ၁၇။ | ဦးမြင့်နိုင်ဦး+ဦးစိုးမြင့် | [၉/မရမ(နိုင်)၀၃၆၀၃၀] |
| ၁၈။ | ဦးမြတ်ဇော်ဦး | [၁/မကတ(နိုင်)၀၃၀၃၈၉] |
| ၁၉။ | ဦးသန်းမြင့် | - |
| ၂၀။ | ဦးစိုးနိုင် | [၁၃/ကခဉ(နိုင်)၀၃၄၂၁၇] |
| ၂၁။ | ဦးစိုးနိုင်ဦး | [၇/ပလန(နိုင်)၀၄၀၅၅၂] |
| ၂၂။ | ဦးစိုးမြင့် | [၁၂/လသန(နိုင်)၀၈၆၈၀၂] |
| ၂၃။ | ဦးမရစ်နော် | [၁/မကန(နိုင်)၀၁၆၄၆၀] |
| ၂၄။ | ဦးအင်ဒူယဉ်တူးဂျာ | [၁/မကတ(နိုင်)၀၁၈၀၁၈] |
| ၂၅။ | ဦးလရော် | (ကေအမ်ဂျီ-၀၄၁၂၉၁) |
| ၂၆။ | ဦးလှထွန်း | - |
| ၂၇။ | ဦးတင်ထွန်းလင်း | [၁၂/ရပသ(နိုင်)၀၃၃၁၁၃] |
| ၂၈။ | ဦးထွန်းရွှေ | (အယ်လ်အက်စ်အို-၂၇၁၉၅) |

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး (မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## နေပြည်တော်
